မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၈ ခုနှစ်၊ ဧပြီ ၁ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၈၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် မတ် ၃၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်း၏ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ မတ် ၃၀ ရက်မှ ၃၁ ရက်အထိ ကျင်းပသည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့ညနေ ၅နာရီတွင် အထူးလေယာဉ်ဖြင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ *စာမျက်နှာ ၉ ကော်လံ ၁* ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဧပြီ ၁ ရက်)

နိုင်ငံတကာအဆင့်မီ နည်းစနစ်များတိုးတက်ရေး အိုင်တီနည်းပညာ ဖွံ့ဖြိုးအောင်ဆောင်ရွက်

အိုင်တီနည်းပညာသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲတိုးတက်နေသည်။ နိုင်ငံတကာ၌ အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အိုင်တီထုတ်ကုန် ပစ္စည်းသစ်များလည်း များပြားစွာ ပေါ်ထွန်းလာသည်။

အိုင်တီနည်းပညာရပ်များသည် နေ့စဉ်နှင့်အမျှ အရှိန်အဟုန်ဖြင့် ဆန်းသစ်ပေါ်ထွန်းလာသည့်အတွက် ယနေ့ခေတ်ကို အိုင်တီနည်းပညာ ဖွံ့ဖြိုးသောခေတ်အဖြစ် သတ်မှတ်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတကာနှင့်ယှဉ်ပြီး အမီလိုက်နိုင်ရေးအတွက် အိုင်တီနည်းပညာပြပွဲများ ကျင်းပပြီး ပြည်သူများ ဗဟုသုတတိုးပွားရေး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ ၂၀၀၈ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ်လ ၂၃ရက်နေ့မှ ၂၅ရက်နေ့အထိ ခင်းကျင်းပြသခဲ့သည်။

လူငယ်များ နောက်ဆုံးပေါ် အိုင်တီနည်းပညာဆိုင်ရာလုပ်ငန်းများ ချောမွေ့စွာဆောင်ရွက်နိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ အိုင်တီပြပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြောင်းလဲတိုးတက်ဖြစ်ပေါ်နေသည့် အိုင်တီနည်းပညာသစ်များကို အမြဲမပြတ် ကျွမ်းကျင်တတ်မြောက်အောင် လေ့လာဆည်းပူးပြီး အမျိုးသားအကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေး လက်တွေ့အသုံးချ ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲများ ကျယ်ကျယ်ပြန့်ပြန့် ပြသနိုင်ခြင်းသည် အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေသည့်အပြင် စီးပွားရေးနယ်ပယ်အရပ်ရပ်တွင် နိုင်ငံတကာ အဆင့်မီနည်းပညာ၊ အတတ်ပညာများလည်း ပိုမိုပေါ်ထွန်းလာစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁-၄-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ မြန်မာသကြ်န်
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄:၃၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ မြန်မာသကြ်န်
- ၅:၂၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၃၅ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မြန်မာသကြ်န်
- ၆:၂၅ ၁၄။ ဝတ်စားဆင်ယင် လှစေချင်
- ၆:၄၅ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၈၅)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ မွေးမြူသုတ
- ၂၁။ ဗွီစီဒီကျော်ကြားတေးများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘဝဇာတ်ခုံ** (အပိုင်း-၅)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ပိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ကြည့်မြင်တိုင်မြို့နယ်ဥယျာဉ်လမ်း အမှတ် ၄၀ နေ ဦးတင်အောင်အား ရည်စူး၍ ဇနီးဒေါ်သောင်းနွဲ့က အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးထွန်း၊ ဦးဟံညွန့်နှင့် ဦးအေးမြင့်တို့က လက်ခံယူကြစဉ်။ (က-ပ)

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းလှူဒါန်း

ရန်ကုန် မတ် ၃၁

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ မြန်မာနိုင်ငံ စင်ကာပူအသင်း (Singapore Association of Myanmar)(SAM) မှ ဆေးရုံသုံး ပစ္စည်းလှူဒါန်းပွဲကို မတ် ၂၄ရက် နံနက် ၁၀နာရီခွဲက ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဧည့်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာ၊ ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong၊ မြန်မာနိုင်ငံစင်ကာပူအသင်း(SAM)ဥက္ကဋ္ဌ Mr.Teddy Chia နှင့် ကော်မတီအသင်းဝင်များ၊ ရန်ကုန်ပြည်သူ့ ဆေးရုံကြီး စီမံခန့်ခွဲရေးအဖွဲ့ဝင် ပါမောက္ခ ဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ကျေးဇူးတင်စကား

ထို့နောက် မြန်မာနိုင်ငံ စင်ကာပူအသင်း(SAM) ဥက္ကဋ္ဌနှင့် သံအမတ်ကြီးတို့က ငွေကျပ် ၁၀၄သိန်းကျော်တန်ဖိုးရှိ ရောဂါရှာဖွေရေး စက်ကိရိယာဖြစ်သော တယ်လီဗေးရှင်း ဓာတ်မှန် (Ultra-sound) ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာထံ ပေးအပ်လှူဒါန်းပြီး **(အောက်ပုံ)** အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

စုပေါင်းလှူဒါန်း

ယင်းဆေးရုံသုံး စက်ကိရိယာပစ္စည်းများကို မြန်မာနိုင်ငံ စင်ကာပူအသင်း (SAM)မှ ရန်ကုန်ပြည်သူ့ ဆေးရုံကြီးတွင် တက်ရောက် ဆေးကုသလျက်ရှိသော လူနာများအတွက်(SAM)၏ အမျိုးမျိုးသော ပရဟိတလှုပ်ရှားမှုများမှ ရရှိသော ငွေများကို စုပေါင်း၍လှူဒါန်းခြင်းဖြစ်သည်။ **(သတင်းစဉ်)**

နေမိန္ဒြာမမွေအေးရိပ်စခန်း ပရိတ်တော်ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မိုးကောင်းစေတီအနီးတွင် တည်ရှိသော နေမိန္ဒြာမမွေအေးရိပ်သာ စခန်းတွင် (၂၁) ကြိမ်မြောက် ဝဠ္ဍသုတ် ပရိတ်တော်ပူဇော်ပွဲကို ဧပြီ ၆ရက်မှ ၁၇ရက် (နှစ်ဆန်းတစ်ရက်) အထိ ပူဇော်မည်ဖြစ်သည်။ အခွင့်သာနိုင်ဖြင့် ပူဇော်လိုသူများ၊ တရားစခန်းဝင်လိုသည့် ယောဂီများသည် တရားစခန်း သာသနာ့ အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သန်း· (သီလဝ ဘာသာရေးမဂ္ဂဇင်း) ဖုန်း-၃၈၈၉၆၃သို့ ဆက်သွယ် စာရင်း ပေးသွင်းနိုင် ကြပါသည်။ (က-ပ)

ပေးအပ်လှူဒါန်း

Mr.IE Jonathan Sjuman Manyar Kartika IV/26-28, Surabaya, Indonesia က ဆေးပဒေသာပင် ငွေကျပ် ၂၇၅၀၀၀၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တစ်စိတ်ဝမ်းတစ်လက်ညီ ကိုယ်စီကုသိုလ် ထိုထိုအမျှရယူကြ (၁)

ဥပတ္ထမ္ဘကတစ်ဦး

- လောကဦ သတ္တဝါအားလုံးတို့ အကျိုးစီးပွား ရရှိစေနိုင်ရန် ဘုရားရတနာ ပွင့်ထွန်းလာပေသည်။
- လောကဦ သတ္တဝါအားလုံးတို့ ချမ်းသာခြင်း ရရှိစေရန် တရားရတနာ ဖြစ်ထွန်းလာပေသည်။
- လောကဦ သတ္တဝါအားလုံးတို့ ကုသိုလ်တရားရရှိနိုင်စေရန် သံဃာရတနာ ဖြစ်ပေါ်လာပေသည်။

ဤကဲ့သို့ သုတ္တနိပါတ်အဋ္ဌကထာကျမ်းကြီး၌ ရေးသားဖော်ပြထားသည့်အတိုင်း သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်သည် သတ္တဝါအပေါင်းတို့အား သံသရာဝဲသြဃမှ လွတ်မြောက်ကြစေရန် သတ္တဝါ အသီးသီးတို့၏ စရိုက်လက္ခဏာ၊ ဉာဏ်ရည်အတိမ်အနက်၊ ပါရမီဓာတ်ခံ အနုအရင့်တို့ကို လိုက်၍ တရားဒေသနာတော်များကို(၄၅)ဝါကာလပတ်လုံး နှုတ်မြွက်ဟောဖော် ဖြေချွတ်တော်မူခဲ့ပါသည်။

မြတ်ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော တရားအနှစ် သာသနာအစစ်တို့မှာ သင်ယူလေ့ကျက်မှတ်သား လိုက်နာရသောပရိယတ္တိသာသနာတော်၊ ထိုပရိယတ္တိသာသနာတော်မှ ညွှန်ပြသည့်ကျင့်စဉ်အတိုင်း လက်တွေ့လိုက်နာကျင့်ကြံအားထုတ်ရသော ပဋိပတ္တိ သာသနာတော်၊ ထိုပဋိပတ္တိသာသနာတော်၏အကျိုး ထိုးထွင်းသိမြင်ရရှိလာသည့် မဂ်ဖိုလ် နိဗ္ဗာန်မည်သော ပဋိဝေဓ သာသနာတော်ဟူ၍ သာသနာတော်မြတ်သုံးရပ်ပင်ဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ထိုသာသနာတော်မြတ်များမှ ဝိနည်း ပိဋကာ၊ သုတ္တန်ပိဋကာ၊ အဘိဓမ္မာဟုဆိုအပ်သော ပိဋကတ်သုံးဖြာ၊ နိကာယ်ငါးရပ်တို့ကို ကာလအားလျော်စွာ၊ ဒေသအားလျော်စွာ၊ ပုဂ္ဂိုလ်အားလျော်စွာ၊ အကြောင်းအတ္တုပ္ပတ္တိအားလျော်စွာ ဟောကြားတော်မူခဲ့ပါသည်။ မဟာပရိနိဗ္ဗာနသုတ်တော်တွင် ဘုရားရှင်ကိုယ်တော်တိုင်က ''ထိုဝိနည်းပိဋကာ၊ သုတ္တန်ပိဋကာ၊ အဘိဓမ္မာပိဋကတို့သည် ဘုရားပရိနိဗ္ဗာန် စံတော်မူလျှင် သင်ချစ်သားတို့၏ ဆရာဘုရားပင်ဖြစ်ပေမည်။ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့သည် ဘုရားအရာ၌ တည်ရစ်ကြရကား ချစ်သားတို့ကို ဆုံးမရစ်ကြပေလိမ့်မည်''ဟု မိန့်ကြားတော် မူခဲ့ကြောင်း သိရှိရပါသည်။ မြတ်စွာဘုရားရှင် ဟောကြားခဲ့သော တရားဒေသနာတော်အစုစုတို့မှာ စင်စစ်အားဖြင့် မြတ်စွာဘုရားရှင်၏ ကိုယ်စားတော်အဖြစ် တည်ရာမှီရာ အားကိုးအားထားရာသာဖြစ်ပါပေသည်။

ဤသို့သော ဘုရားရှင်၏ ကိုယ်စားတော်အဖြစ် လိုက်နာကျင့်ကြံရမည့် အမြိုက်တရား စုပေါင်းထားသော ပိဋကသုံးသွယ်၊ နိကာယ်ငါးရပ်၊ သာသနာတော်မြတ်တို့ သန့်ရှင်းခိုင်ကျည် စွဲမြဲတည်ရေးသည်လည်းကောင်း၊ ဝေစည်ပြန့်ပွားထွန်းကားစေရေးသည် လည်းကောင်း၊ ကြီးမားသော အရေးကိစ္စတာဝန်ဖြစ်ကြောင်း သိတော်မူခဲ့ကြသော ရဟန္တာ ထေရ်ရှင်မြတ်တို့သည် စုပေါင်းရွတ်ဆိုတည်းဖြတ် စိစစ်ကာ သင်္ဂါယနာ အတန်တန်တင်တော်မူခဲ့ကြပါသည်။

အရှင်မဟာကဿပ အစရှိသော ရဟန္တာမထေရ်မြတ်ကြီးတို့သည် မိမိတို့ နှုတ်ငုံဆောင်ထား၊ ရင်ထဲ နှလုံးထဲ ခေါင်းထဲ၌ စွဲမြတ်ထားကြသောတရားအစုစုတို့ အပိုအလိုမရှိစေရေး၊ ဘုရားရှင်ဟောကြားခဲ့သည့်အတိုင်း ရှိစေရေးဆေးကြော စစ်ဆေးသည့်အနေဖြင့် တစ်ပြိုင်နက် စုဝေးရွတ်ဆို မေးဖြေညှိနှိုင်း စိစစ်လျက် ပထမသင်္ဂါယနာ တင်တော်မူခဲ့ကြပါသည်။ ပထမအကြိမ်သင်္ဂါယနာတင်ပြီးသောအခါ ဝိနည်းပိဋကတို့ကို အရှင်ဥပါလိ၏ တပည့်အဆက်ဆက်တို့ကလည်းကောင်း၊ သုတ္တန်ပိဋကတို့ကို အရှင်အာနန္ဒာ၏တပည့်အဆက်ဆက်တို့က လည်းကောင်း၊ အဘိဓမ္မာ ပိဋက တို့ကို အရှင်သာရိပုတ္တရာ၏ တပည့်အဆက်ဆက်တို့ကလည်းကောင်း တာဝန်ယူ ဆောင်ရွက်ကြရန် အသီးသီးခွဲဝေ သတ်မှတ်ခဲ့ပါသည်။

ဤသို့ဖြင့် ဘုရားမုခပါဌ် တရားတော်မြတ်အပေါင်းကို ပထမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာသို့တိုင်အောင် ဘုရားရှင်၏ သားတော် သံဃာတော်ထေရ်ရှင်တို့သည် အစဉ်အဆက် နှုတ်တက်အာဂုံဆောင်ထားကြရာမှ သင်အံမှတ်ကျက် ဆက်လက်ပို့ချ နည်းပြတိုးမြှင့် အဆင့်ဆင့်ပေစာ ကျောက်စာ ထုချုပ် ကျမ်းစာအုပ်များအထိတည်ရှိစေကာ နှလုံးအိမ်တွင်လည်း ပြက်ပြက်ထင်ရှား စွဲမှတ်သားခဲ့ကြပါသည်။

မြတ်စွာဘုရားရှင်၏ ဒေသနာတော် အဆုံးအမ တရားတော်များကို မှတ်သားလိုက်နာ ကျင့်ကြံကြိုးကုတ် အားထုတ်ဆောင်ရွက်တော်မူကြ၍ သာသနာ့ တာဝန်များကို အစဉ်အဆက် မပျက်မယွင်း ထမ်းဆောင်ခဲ့ကြသူများမှာကား သုပ္ပဋိပန်အကျင့်မှန်သည့် သံဃာထေရ်ရှင်တို့ပင် ဖြစ်ပါသည်။ မျက်မှောက်တမလွန် နှစ်တန်သောချမ်းသာ၊ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာ၊ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးနှင့်တကွ နိဗ္ဗာန်အမတ သုခချမ်းသာအဖြာဖြာတို့ကို ရရှိစေနိုင်သည့်လမ်းကောင်းနည်းမွန်တို့ကို ညွှန်ကြားပြသဆုံးမပေးနိုင်သည့် ကောင်းမှုမျိုးစေ့စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော သံဃာတော်တို့သည် ''ဗုဒ္ဓသာသန ဘာရော အဝသံ အာဝဟိတဗ္ဗော'' ဟူသည်နှင့်အညီ သာသနာတော်တာဝန်ကို မလွှဲမသွေထမ်းဆောင်ရမည့် တာဝန်များ ရှိနေပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းတွင် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ၁၉၈၀ ပြည့်နှစ် မေလ ၂၄ ရက်မှ ၂၆ ရက်အထိ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပ၍ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွား ထွန်းကားစေရန် သံဃာတော်များ ဝိနည်း တရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံး၍ သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွားရန်၊ သံဃာတော်များသည် စုရနှစ်ပါးကို ကိုယ်စိတ်ချမ်းသာစွာ ထမ်းဆောင်၍ သာသနာတော်သုံးရပ် အတွက် ဆောင်ရွက်နိုင်ကြစေရန် သံဃာညီညွတ်မှုကို ရှေးရှုဆောင်ရွက်ကြရန် စသော ရည်ရွယ်ချက်များအခြေခံလျက် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းကိုလည်း အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၈၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ကို နောက်ဆုံးထား၍ စာရင်းစိစစ်ပြီးသော သံဃာဂိုဏ်းကြီး (၉)ဂိုဏ်းကိုသာ ဆက်လက်တည်ရှိ ခွင့်ပြုပြီးဂိုဏ်းသစ်များ ခွဲခြားတည်ထောင်မှုကို တားမြစ်ထားပါသည်။

ဤသို့ဖြင့် နိုင်ငံတော်အတွင်းတွင် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် သံဃာတော်အပေါင်းတို့သည် ''သာသနာ့တာဝန် တို့တာဝန်''ဟု ခံယူကာ ထမ်းဆောင်တော် မူကြသောကြောင့် သာသနာ့အလင်းရောင်သည် တိုးတက်ထွန်းထိန် ဂုဏ်ရှိန်မြင့်လျက်ရှိပါပေသည်။ ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်သော ဝိနည်းတရားတော်သည် လဇ္ဇီပုဂ္ဂိုလ်တို့၌သာလျှင် တည်သည်ဖြစ်ပါသည်။ ထိုသို့ တည်သဖြင့်လည်း အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာ ဟူသော သိက္ခာသုံးပါးတို့ ပြည့်စုံသည်ဖြစ်၍ သာသနာတော် တည်သည်မည်ပါသည်။ စင်စစ်အားဖြင့်လည်း သံဃာဆိုသည်မှာ ဥတ္တိစတုတ္ထ ဥပသမ္ပဒ ကမ္မဝါစာဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိ၍ ဗုဒ္ဓမြတ်စွာ၏ အယူသီလ တူမျှသော ရဟန်းအပေါင်းကို ဆိုပါသည်။ သံဃာဟူသော စကားရပ်တွင် သိက္ခာမတင်၊ သိမ်မဝင်၊ ဝိနည်းပျက်စီး၊ အချည်းနှီးကျင့်မှား၊ တရားမညီ၊ အလဇ္ဇီများ မပါရှိပါပေ။

သာသနာတော်ကို အရှည်ခံ၍ တည်တံ့စေရန်လည်းကောင်း၊ စည်ပင်ပြန့်ပွားထွန်းကားစေရန်လည်းကောင်း၊ ဆောင်ရွက်တော်မူကြသောပုဂ္ဂိုလ်မြတ်များတွင် ထူးခြားထင်ရှားသည့် ပုဂ္ဂိုလ်ကျော်များကို အမြတ်ဆုံးဘွဲ့၊ အထူးခြားဆုံး ဘွဲ့ထူးဂုဏ်ထူးများဖြင့် ဘုရားရှင်ကိုယ်တော်တိုင် ချီးမြှောက်တော်မူခဲ့ပါသည်။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးတော်မူစဉ် မိမိတို့၏ ရှေးဆုတောင်း ကောင်းမှု ပါရမီအားလျော်စွာ ထူးချွန်ကြသော မထေရ်မြတ် ၄၁ပါး၊ ထေရီ၁၃ပါး၊ ဥပါသကာ ၁၃ဦး၊ ဥပါသိကာအမျိုးသမီး ၁၀ဦးတို့အား အမြတ်ဆုံး၊ အသာဆုံးဟု အဓိပ္ပာယ်ရသည့် ဧတဒဂ်ဟူသောဘွဲ့ဖြင့် ထုတ်ဖော်မြွက်ဟချီးကျူးတော်မူခဲ့ပါသည်။ ပညာအရာ၌ သာလွန်ထူးချွန်သော လက်ယာတော်ရံ အဂ္ဂသာဝက အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးအား ပညာဧတဒဂ်ဘွဲ့၊ တန်ခိုးအရာ၌ သာလွန်ထူးချွန်သော လက်ဝဲတော်ရံ အဂ္ဂသာဝက အရှင်မဟာ မောဂ္ဂလာန် မထေရ်မြတ်ကြီးအား ဣဒ္ဓိမန္တဧတဒဂ်ဘွဲ့၊ တရားဟောရာ၌ သာလွန် ထူးချွန်သော အရှင်မ ဓမ္မဒိန္နာအား ဓမ္မကထိက ဧတဒဂ်၊ ဝိနည်းအရာ၌ သာလွန်ထူးချွန်သော အရှင်မ ပဋာစာရီထေရီအား ဝိနယဓရဧတဒဂ်၊ အလှူဒါနပြုရာ၌ သာလွန်ထူးချွန်သော အနာထပိဏ်သူဌေးကြီးအား ဒါယကာဧတဒဂ်ဘွဲ့၊ လူနာများကို ပြုစုလုပ်ကျွေးရာ၌ သာလွန်ထူးချွန်သော သုပ္ပိယာအမျိုးသမီးအား ဂိလာနုပဋ္ဌာကီဧတဒဂ် စသည်ဖြင့် ပါရှိပါသည်။

မြန်မာနိုင်ငံ၏ ခေတ်ဦးပုဂံခေတ်တွင် ထူးခြားထင်ရှားသောသာသနာပြုမထေရ်မြတ်ကြီးများအား ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ဆက်ကပ်ပူဇော်ခဲ့ကြောင်း သိမှတ်ရဖူးပါသည်။ ကျန်စစ်သားမင်းလက်ထက်တွင် သံဃသေနမထေရ်အား ဝရပဏ္ဍိတဘွဲ့၊ အလောင်းစည်သူမင်းလက်ထက်တွင် ဓာတွတ္တသာရကျမ်းပြုမထေရ်အား မဟာအဂ္ဂပဏ္ဍိတဘွဲ့၊ ကျစွာမင်း လက်ထက်တွင် သဒ္ဒနီတိကျမ်းပြု မထေရ်အား အဂ္ဂဝံသအဂ္ဂပဏ္ဍိတဘွဲ့ စသည်ဖြင့် အသီးသီး ဆက်ကပ်ပူဇော်ခဲ့ပါသည်။

ပုဂံခေတ်နည်းတူပင် စစ်ကိုင်း၊ ပင်းယ၊ အင်းဝခေတ်များတွင်လည်း သာသနာရေးနှင့်စပ်လျဉ်းသော ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ပူဇော်ခဲ့ပါသည်။ သိရီစတုရင်္ဂဗလဘွဲ့၊ မဟာသံဃနာထဘွဲ့တို့မှာ ထင်ရှားလှပါသည်။ သာလွန်မင်းတရား လက်ထက်တွင် တောင်ဖီလာ ဆရာတော်အရှင်မုနိန္ဒဃောသအား မဟာတိပိဋကာ-လင်္ကာရဘွဲ့ကို ဆက်ကပ်ခဲ့ကြောင်းလည်း သိရှိရပါသည်။

ကုန်းဘောင်ခေတ်တွင် သီပေါမင်းလက်ထက်၌ မဟာဓမ္မရာဇာဓိရာဇဂုရုဟူသော ဘွဲ့တံဆိပ်တော်ကို အဆင့်ငါးဆင့် ခွဲခြားထားပါသည်။ သာသနာပိုင်ဆရာတော်အား ဆက်ကပ်လှူဒါန်းသော ဘွဲ့တံဆိပ်တော်မှာ မာလာလင်္ကာရဓဇဓမ္မသေနာပတိ အတုလာဓိပတိ သိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရုဟူ၍ ဖြစ်ပါသည်။ ကုန်းဘောင်ခေတ်တွင် ရဟန်းတော်မထေရ်မြတ်များကိုသာမက လူပုဂ္ဂိုလ်များအားလည်း သာသနာတော် ဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ခဲ့ကြောင်း သိမှတ်ရပါသည်။

ပထမဦးဆုံး အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ပွဲကို ၁၉၁၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် မန္တလေးတောင်ခြေ ကျောက်တော်ကြီးဘုရားအနီး သုဓမ္မာရွှေဇရပ်တော်၌ ကျင်းပခဲ့ပါသည်။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဦးစွာခံယူ ရရှိတော်မူသော ဆရာတော်ကြီးများမှာ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ အပါအဝင် ဆရာတော်ကြီး (၁၁)ပါးနှင့် ရန်ကုန်မြို့ ပါဠိဆရာကြီး ဆရာဖြေတို့ ဖြစ်ကြပါသည်။

ဤကဲ့သို့အားဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် သာသနာပြုမင်းကောင်းမင်းမြတ်များ၊ ခေတ်အဆက်ဆက်အစိုးရများသည် သာသနာ့တာဝန်ကို ထူးထူးချွန်ချွန် ထမ်းဆောင်ခဲ့ကြသူများအား ဘွဲ့ထူးဂုဏ်ထူးများဖြင့် ထိုက်ထိုက်တန်တန် ပူဇော်ခဲ့ကြပါသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

ဆွမ်းဆန်စိမ်းလောင်းလှူ

ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်း လောင်းလှူစဉ်။

ထိုင်း၌ နောက်ထပ်တစ်ဖန် အာဏာသိမ်းမည်မဟုတ် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးပေါ်ချင်ဒါ အခိုင်အမာပြောကြား

ဗန်ကောက် မတ် ၃၁

ထိုင်းကြည်းတပ်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အနုပေါင်ပေါ်ချင်ဒါက ပြည်သူများအား မတ် ၂၉ရက်က နိုင်ငံကို နောက်ထပ်အာဏာသိမ်းမှု ပြုလုပ်လိမ့်မည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။

ပြောကြား

ထိုင်းတပ်မတော်သည် ဘုရင်၊ နိုင်ငံနှင့်လူမျိုးများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကိုသာ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးတွင် ပါဝင်စွက်ဖက်လိမ့်မည်မဟုတ်ကြောင်း အနုပေါင်က ပြောကြားသည်။

ထိုင်းနိုင်ငံကို နောက်ထပ်အာဏာသိမ်းမှု ပြုလုပ်လိမ့်မည်ဟု သတင်းများ ပေါ်ထွက်လာခြင်းမှာ မည်သူမည်ဝါက လုပ်ကိုင်ဆောင်ရွက်နေသည်ကို မသိကြောင်း ၎င်းက ပြောကြားသည်။

ဖြေရှင်း

ထိုနိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဖြေရှင်းသင့်ကြောင်း၊ အကြမ်းဖက်အင်အားသုံး၍ မဖြေရှင်းသင့်ကြောင်း ၎င်းက ပြောကြားသည်။

သတိပေး

ပူးပေါင်းကြံစည်သူများသည် နောက်ထပ်အာဏာသိမ်းမှု ဖြစ်ပေါ်စေရန် မငြိမ်မသက်ဖြစ်စေရေး အကွက်ချစီစဉ်နေကြောင်း ထိုင်းဝန်ကြီးချုပ် စမတ်(ခ်)က မတ်၂၈ရက်က သတိပေးလိုက်သည်။ ကာကွယ်ရေးဝန်ကြီးလည်းဖြစ်သော စမတ်(ခ်)သည် အာဏာသိမ်းနိုင်ဖွယ်ရှိသည်ဆိုသော စာတစ်စောင် လက်ခံရရှိခဲ့သည်ဟု ဆိုသည်။

ကြိုးစားနေ

နောက်ထပ် အာဏာသိမ်းရန် တွန်းအားပေးနေသော စာပေးခဲ့သည့်အဖွဲ့သည် စစ်တပ်နှင့်ဆက်နွယ်မှုမရှိကြောင်း၊ နိုင်ငံကို မငြိမ်မသက်ဖြစ်အောင်လုပ်ရန် ကြိုးစားနေသူများဖြစ်ကြောင်း၊ နောက်ထပ်အာဏာသိမ်းရန် အခွင့်အလမ်းမရှိသောကြောင့်လည်း စိုးရိမ်မှုမရှိကြောင်း စမတ်(ခ်)က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ ဟီးသရိုးလေဆိပ်တွင် အသစ်ဖွင့်လှစ်လိုက်သော လေဆိပ်အဆောက်အအုံသစ်၌ လေယာဉ်စီးမည့် ခရီးသည်များ စောင့်ဆိုင်းနေကြသည်ကို မတ် ၃၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဥရောပ ကုန်တင်အာကာသယာဉ် ဂျူးလက်စ်ဗာနီ နိုင်ငံတကာ အာကာသစခန်းသို့ မကြာမီရောက်ရှိမည်

အီဆာ မတ် ၃၁

ဥရောပ အာကာသ အေဂျင်စီ (အီဆာ)က မတ်လဆန်းပိုင်း၌ လွှတ်တင်ခဲ့သော လူလိုက်ပါခြင်းမရှိသည့် ကုန်တင် အာကာသယာဉ်ကြီးသည် နိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိရန် မီတာ ၃၅၀၀အကွာသို့ ရောက်ရှိနေပြီဖြစ်ကြောင်း မတ် ၃၀ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ထောက်ပံ့

ဂျူးလက်စ်ဗာနီဟု အမည်ပေးထားသော အဆိုပါကုန်တင်အာကာသယာဉ်ကြီးသည် နိုင်ငံတကာအာကာသစခန်းအတွက် ထောက်ပံ့ပေးရန် ကုန်တန်ချိန်ပစ္စည်း ငါးတန် တင်ဆောင်ပျံသန်းလာခဲ့သည်။

ရောက်ရှိ

ယင်းကုန်တင်အာကာသယာဉ်ကြီးသည် လာမည့် နှစ်ရက်အတွင်း နိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိမည်ဟုဆိုသည်။ ၎င်းအာကာသယာဉ်သည် လူလိုက်ပါခြင်းမရှိသော်လည်း နိုင်ငံတကာ အာကာသစခန်းသို့ အလိုအလျောက် ဆင်းသက်နိုင်မည်ဖြစ်သည်။

ဂျူးလက်စ်ဗာနီသည် ဥရောပ အာကာသ အေဂျင်စီက လွှတ်တင်ခဲ့နေသော ကုန်တင် အာကာသယာဉ်တွင် အကြီးဆုံး အာကာသယာဉ်ဖြစ်သည်။

ရိုက်ကူး

နိုင်ငံတကာ အာကာသစခန်းယာဉ်မှ ဦးတည်မောင်းနှင်လာသော ကုန်တင် အာကာသယာဉ်ကို အဝေးမှ ဓာတ်ပုံ ရိုက်ကူးထားခဲ့သည်ဟု ဆိုသည်။

သယ်ဆောင်

၎င်းကုန်တင် အာကာသယာဉ်ကို ပြင်သစ်နိုင်ငံ တူးလောက်မြို့ အာကာသလွှတ်တင်ရေးစခန်းမှ မတ် ၉ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ဂျူးလက်စ်ဗာနီသည် နိုင်ငံတကာ အာကာသစခန်းရှိ အာကာသယာဉ်မှူးများအတွက် လိုအပ်သောအစားအစာများ၊ အဝတ်အထည်များနှင့် သောက်သုံးရေများ သယ်ဆောင်သွားသည်ဟု ဆိုသည်။ **(အင်တာနက်)**

ဇင်ဘာဘွေ ရွေးကောက်ပွဲ အတိုက်အခံပါတီ အနိုင်ရ

ဟာရာရေး မတ် ၃၁

ဇင်ဘာဘွေသမ္မတ ရွေးကောက်ပွဲ၏ စောစောပိုင်းကရရှိသောမဲစာရင်းများအရ ဇင်ဘာဘွေ အတိုက်အခံပါတီက ရွေးကောက်ပွဲ၌ အနိုင်ရကြောင်း မတ် ၃၀ရက်က ကြေညာသည်။

အတိုက်အခံ ဒီမိုကရေစီ ပြောင်းလဲရေး လှုပ်ရှားမှုပါတီ (အမ်ဒီစီ)က နှစ်ပေါင်း၂၈နှစ်ကြာ နိုင်ငံကိုအုပ်ချုပ်လာသူသမ္မတမူဂါဘီအား ဖယ်ရှားပြီး စီးပွားရေးအခြေအနေ ဆိုးရွားပျက်စီးမှု အဆုံးသတ်ရန် ကြိုးပမ်းတိုက်ပွဲဝင်နေခြင်း ဖြစ်သည်။

ပြောကြား

အလုပ်သမားသမဂ္ဂခေါင်းဆောင်ဟောင်း မော်ဂန်ဆဗန်ဂီရိုင်း ဦးဆောင်သည့် အတိုက်အခံပါတီက သမ္မတမူဂါဘီ အနေဖြင့် ဆက်လက်ရာထူးခိုင်မြဲရန် ရွေးကောက်ပွဲတွင် ကလိမ်ကျမှုရှိသည်ဟု စွပ်စွဲထားသည်။ မတ် ၂၉ရက်က သမ္မတရွေးကောက်ပွဲတွင် မသမာမှုများတွေ့ရကြောင်း အာဖရိကလေ့လာ အကဲခတ်သူများက ပြောကြားသည်။

တစ်ချိန်က ချမ်းသာခဲ့သည့် ဇင်ဘာဘွေနိုင်ငံမှာ ငွေကြေးဖောင်းပွမှု ၁၀၀၀၀၀ရာခိုင်နှုန်းကျော်အထိ စံချိန်တင်မြင့်တက်မှု၊ စားနပ်ရိက္ခာမလုံလောက်မှုတို့နှင့် ကြုံတွေ့နေသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကနေဒါနိုင်ငံ ကမ်းခြေစောင့် ရေခဲခွဲသင်္ဘောတစ်စင်းက စိန့်လောရင့်ပင်လယ်ကွေ့အတွင်းရှိ နီဗာစကော်တီယာဒေသတွင် အေးခဲနေသောရေခဲများအား ခြေခွဲနေသည်ကို မတ် ၃၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မလက္ကာ ရေလက်ကြားအနားသတ် နိုင်ငံလေးနိုင်ငံ လုံခြုံရေးသတင်းအချက်အလက် ဖလှယ်ရေးလေ့ကျင့်

စင်ကာပူ မတ် ၃၁

စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ပါဝင်သော မလက္ကာရေလက်ကြား အနားသတ်နိုင်ငံများသည် သတင်းအချက်အလက်ဖလှယ်ရေး လေ့ကျင့်မှုကို စင်ကာပူ၌ ပြုလုပ်ခဲ့ကြောင်း စင်ကာပူကာကွယ်ရေးဝန်ကြီးက မတ် ၃၀ရက်၌ ပြောကြားသည်။

ဖော်ပြ

နှစ်ရက်ကြာပြုလုပ်သည့်မလက္ကာရေလက်ကြား ကင်းလှည့်မှု၊ သတင်းဖလှယ်ရေး လေ့ကျင့်မှုကို ထိုလေးနိုင်ငံမှ လက်နက်ကိုင် တပ်ဖွဲ့ဝင်များက ပါဝင်လုပ်ဆောင်ခဲ့ကြောင်း၊ ၎င်းတို့သည် စင်ကာပူနိုင်ငံ အနောက်ပိုင်း တူးအက်စ်ရေတပ် အခြေစိုက်စခန်း၌ ပြုလုပ်ခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

ပြသ

ထိုသို့ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းသည် လေးနိုင်ငံအကြား အဏ္ဏဝါပြင် လုံခြုံရေးအင်အား တောင့်တင်းခိုင်မာမှုကို ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း စင်ကာပူကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

ဗျူဟာကျ

မလက္ကာ ရေလက်ကြားသည် ကမ္ဘာ့ကုန်သွယ်ရေးစနစ်တွင် မဟာဗျူဟာကျသော ရေလမ်းဖြစ်သည်။

တင်ပို့ရောင်းချ

ကမ္ဘာ့ကူးသန်းရောင်းဝယ်မှု၏ လေးပုံ တစ်ပုံကျော်သည် ယင်းရေလမ်းကြောင်းကို အသုံးပြုနေရသည်။ ကမ္ဘာ့ရေနံတင်ပို့ရောင်းချမှု ထက်ဝက်သည် ၎င်းရေလက်ကြားကို မှီခိုနေရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ် ဟာလင်အူမာ ကျွန်းရှိ ကီလော်အာ မီးတောင်ထိပ်ဝမှ မီးခိုးနှင့်ပြာများ ပန်းထွက်နေသည်ကို မတ် ၃၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

ဖြစ်ပုံများ . . . .

လမ်းပေါ်၌ ဆံပင်အတို၊ ဂျင်းဘောင်းဘီအတိုနှင့် ရောင်စုံပါရှိသော အင်္ကျီ ဝတ်ဆင်ထားသည့် လူငယ်တစ်ဦးကို ကြည့်ကာ လူနှစ်ဦးက ဝေဖန်လေသည်။

ပထမလူ ။ ။ ဟိုမှာကြည့်စမ်းဗျာ၊ ယောက်ျားမှန်းမသိ မိန်းမမှန်း မသိနဲ့. . . ။

ဒုတိယလူ ။ ။ အဲဒါ မိန်းကလေးပါ. . . သူက ငါ့သမီးပါ။

ပထမလူ ။ ။ အိုး. . . အားနာလိုက်တာဗျာ. . သူ့အဖေခင်ဗျားမှန်း မသိလို့ ပြောမိတာပါဗျာ. . . တောင်းပန်ပါတယ်။

ဒုတိယလူ ။ ။ အဖေမဟုတ်ဘူးဗျ. . . ကျွန်ုပ်က သူ့အမေပါ။

ပထမလူ ။ ။ "ဗျာ"

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ဇင်ဘာဘွေနိုင်ငံ ဆိုသည်မှာ . . .

သတင်းအက်ဆေး

ဇင်ဘာဘွေနိုင်ငံသည် အာဖရိကတိုက်တောင်ပိုင်းတွင်တည်ရှိသည်။ ဇင်ဘာဘွေနိုင်ငံ၏ ကံကြမ္မာမှာ နှစ်ပေါင်း ၃၀ကြာ လွတ်လပ်ရေး သူရဲကောင်း သမ္မတရောဘတ်မူဂါဘီ၏ လုပ်ရပ်များနှင့် တစ်သားတည်း ရှိသည်။ ရောဘတ် မူဂါဘီသည် ယခုဇင်ဘာဘွေ ခေါ် ယခင်ရိုဒီးရှားနိုင်ငံ၌ လူဖြူလူနည်းစုအုပ်စိုးမှုကို တွန်းလှန်နိုင်သည့် ပထမဆုံးသော လူမည်း ခေါင်းဆောင်ဖြစ်သည်။

ဤနိုင်ငံတွင် ၁၂၀၀-၁၆၀၀ ပြည့်လွန်နှစ်များကပင် နိုင်ငံတကာ ကုန်သွယ်ရေးနှင့် ရွှေတူးဖော်မှုတို့ စတင်ခဲ့သည်။ ၁၈၃၀-၁၈၉၀ပြည့်နှစ် များတွင် ဥရောပလူမျိုးများရောက်ရှိလာသည်။ ၎င်းတို့အထဲတွင် စီစီရုဒ်ရှုဒ် ပါဝင်သည်။ ၁၈၈၉ခုနှစ်တွင် တောင်ရိုဒီးရှားဖြစ်လာမည့်နေရာကို ရုဒ်၏ ဗြိတိသျှ တောင်အာဖရိကကုမ္ပဏီ (ဘီအက်စ်အေ)က ဗြိတိသျှကိုလိုနီအဖြစ် အုပ်ချုပ်ခွင့် ရလာသည်။

သွတ်သွင်း

၁၉၃၀ပြည့်နှစ် မြေခွဲဝေချထားရေးဥပဒေအရ လူမည်းများ မြေပိုင် ဆိုင်ခွင့် ပိတ်ပင်ထားပြီး လူမည်းအများစုကို လုပ်ခစားများအဖြစ်သို့ သွတ်သွင်း ပေးလိုက်သည်။ ၁၉၃၀-၁၉၆၀ ပြည့်လွန်နှစ်များတွင် ကိုလိုနီအုပ်စိုးမှုကို လူမည်းတို့ တွန်းလှန်မှုများ ကြီးထွားလာသည်။ ဇာပု၊ ဇာနုဟူသော အမျိုး သားရေး ဝါဒီအုပ်စုများ ပေါ်ပေါက်လာသည်။

၁၉၅၃ ခုနှစ်တွင် တောင်ပိုင်းရိုဒီးရှား (ဇင်ဘာဘွေ)၊ မြောက်ပိုင်းရိုဒီးရှား (ဇမ်ဘီယာ)နှင့် ညာဆာလင်း(မာလာဝီ) သုံးနိုင်ငံပေါင်း ဗဟိုအာဖရိက ဖက်ဒရေးရှင်းကို ဗြိတိသျှတို့က ထူထောင်သည်။ ၁၉၆၃ ခုနှစ်တွင် ထို ဖက်ဒရေးရှင်းမှ ဇမ်ဘီယာနှင့် မာလာဝီတို့ လွတ်လပ်ရေးရသောအခါ ဖက်ဒရေးရှင်းလည်း ပျက်သွားသည်။

ပိတ်ပင်

၁၉၆၄ ခုနှစ်တွင် ရိုဒီးရှားတပ်ဦး (အာရ်အက်ဖ်)ပါတီမှ အီယန်စမစ်က ဝန်ကြီးချုပ်ဖြစ်လာပြီးနောင်နှစ်တွင် လူဖြူ လူနည်းစုအုပ်ချုပ်သည့် ရိုဒီးရှား နိုင်ငံအဖြစ် တစ်ဖက်သတ် လွတ်လပ်ရေးကြေညာသည်။ ဗြိတိန်နှင့်တကွ နိုင်ငံတကာက စီးပွားရေး ပိတ်ပင်မှုကိုခံရသည်။

၁၉၇၈ ခုနှစ်တွင် ဝန်ကြီးချုပ်အီယန်စမစ်က ကြားဖြတ်ပါလီမန်အတွက် ရွေးကောက်ပွဲ ကျင်းပပေးသည်။ ဇာနုနှင့်ဇာပုတို့ ပေါင်းထားသည့် မျိုးချစ် တပ်ဦးကသပိတ်မှောက်သည်။ ဘုန်းတော်ကြီးအေကယ်ဦးဆောင်သည့် ဇင်ဘာ ဘွေ ရိုဒီးရှားအစိုးရသစ်ဖွဲ့သည်။ သို့သော် နိုင်ငံတကာ အသိအမှတ်မပြု၊ ပြည်တွင်းစစ် ဆက်ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်တွင် ဗြိတိသျှကြီးကြပ်ပေးသည့် ရွေးကောက်ပွဲ ကျင်းပသောအခါ ဇာနုပါတီအနိုင်ရပြီး မူဂါဘီဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၈၀ ပြည့်နှစ် ဧပြီ ၁၈ ရက်တွင် နိုင်ငံတကာ အသိအမှတ်ပြု လွတ်လပ်ရေးရရှိသည်။ ၁၉၈၇ ခုနှစ်တွင် မူဂါဘီက ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ပြီး ဇင်ဘာဘွေနိုင်ငံ၏ သမ္မတဖြစ်လာသည်။

၁၉၉၈ ခုနှစ်တွင် စီးပွားရေး အကျပ်အတည်းနှင့် ရင်ဆိုင်ရပြီးနောက် အဓိကရုဏ်းများ၊ သပိတ်တိုက်ပွဲများပေါ်ပေါက်လာသည်။ ၂၀၀၂ ခုနှစ် မတ်လ သမ္မတရွေးကောက်ပွဲတွင် မူဂါဘီ ပြန်လည်ရွေးချယ်ခံခဲ့ရသည်။

သမ္မတမူဂါဘီက လူမည်းလယ်မဲ့ယာမဲ့များ အကျိုးဖြစ်ထွန်းစေရမည် ဟူသော ရည်ရွယ်ချက်ဖြင့် လူဖြူများပိုင်စီးပွားဖြစ်လယ်ယာများကို အဓမ္မသိမ်းယူ လိုက်သည်။ လယ်ယာထွက်ကုန်များ အကြီးအကျယ် ကျဆင်းသွားပြီး လယ်ယာ စိုက်ပျိုးရေးကို အခြေခံသည့် ဇင်ဘာဘွေနိုင်ငံ၏ စီးပွားရေးမှာ ပျက်ပြားသွား ရသည်။ ငွေကြေး ဖောင်းပွမှုများ၊ စားနပ်ရိက္ခာနှင့် လောင်စာဆီပြတ်လပ်မှုများ ကြုံတွေ့ရသည်။

ထွက်ခွာ

ဇင်ဘာဘွေ ပြည်သူအများအပြားမှာ သူများ ပေးစာကမ်းစာအပေါ်တွင် မှီခို ကြရသည်။ ကျန်ပြည်သူများမှာ ရှောင်ဖယ်ခြင်းဖြင့် ဆန္ဒပြကြသည်ဟု ဆိုရသည်။ တိုင်းပြည်တွင် အလိုအပ်ဆုံး အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပုဂ္ဂိုလ်များအပါအဝင် ထောင်ပေါင်းများစွာသော ပြည်သူများသည် နိုင်ငံခြားသို့ ထွက်ခွာအခြေချကြသည်။

ယင်းသို့ဖြစ်ရသည်မှာ လယ်ယာမြေပြုပြင်ရေး အစီအစဉ်နှင့် စားနပ် ရိက္ခာ အကျပ်တွေ့ခြင်းကြောင့် ဖြစ်ရသည်ဟု ထောက်ပံ့ရေးအဖွဲ့အစည်း များနှင့် ဝေဖန်ဆန်းစစ် သူများက သုံးသပ်သည်။ အစိုးရကမူ အချိန်ကြာကြာ မိုးခေါင်ရေရှားမှုကြောင့် ရိက္ခာပြတ်ရသည်ဟု ဆိုသည်။ သမ္မတမူဂါဘီကမူ လယ်ယာမြေခွဲဝေရေး အစီအစဉ်နှင့် ပတ်သက်၍ ဗြိတိန်နှင့် ၎င်း၏ မဟာမိတ် များက လက်တုံ့ပြန်သည့်အနေဖြင့် ဇင်ဘာဘွေ စီးပွားရေးကို ထိုးနှက်ခြင်း ဖြစ်သည်ဟု စွပ်စွဲသည်။

အလားအလာ

ဇင်ဘာဘွေနိုင်ငံသည် တစ်ချိန်က ဆေးရွက်ကြီး အဓိကထုတ်လုပ် ရောင်းချသည့် နိုင်ငံဖြစ်သည့်အပြင် ပတ်ဝန်းကျင်နိုင်ငံများ၏ စပါးကျီဖြစ် မည့် အလားအလာရှိခဲ့သည်။

ယခုအခါ စားနပ်ရိက္ခာနှင့် လောင်စာဆီများ မလုံလောက်သည့်ပြင် အေအိုင်ဒီအက်စ်ရောဂါများ ပျံ့နှံ့လျက်ရှိသည်။ ငွေကြေးဖောင်းပွမှုမှာ ကမ္ဘာပေါ်တွင် စံချိန်တင်လောက်အောင် ၁၀၀၀၀၀ ရာခိုင်နှုန်းအထိ ရောက်ရှိ နေသည်။ ထိုထိုသော ပြဿနာကို ဖြေရှင်းပေးမည်ဟူသော ကတိဖြင့် လောလောဆယ် သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရာတွင် အပြိုင်ပြောဆို နေကြသည်။

ကမ္ဘာ့သဘာဝ အံ့ဖွယ်တစ်ရပ်ဖြစ်သည့် ဝိတိုရိယရေတံခွန်သည် ဇင်ဘာဘွေနိုင်ငံ၏ အဖိုးမဖြတ်နိုင်သည့် ရတနာဖြစ်သည်။ ထို့ပြင် ကျယ်ပြောသော ကန္တာရအလယ်တွင် အုပ်စုလိုက်လှည့်လည် ကျက်စား နေသော ဆင်အုပ်များနှင့် အခြားတောရိုင်း တိရစ္ဆာန်များမှာလည်း တောရိုင်း သဘာဝကို လေ့လာလိုသည့် ကမ္ဘာလှည့်ခရီးသည်များကို အထူးဆွဲဆောင်နိုင် သည့် အရာများဖြစ်သည်။ စနစ် မှန်မည်ဆိုလျှင် ဤနိုင်ငံသည် ပုံမှန်အနေ အထား ပြန်ရောက်ရုံမျှမက ယခုထက်ပိုတိုးတက်ရမည်ဖြစ်ပါကြောင်း။ ။

(ကိုးကားအင်တာနက်) **တိုး-ရေးသားသည်**

> ဇင်ဘာဘွေ နိုင်ငံသည် တစ်ချိန်က ဆေးရွက်ကြီး အဓိက ထုတ်လုပ်ရောင်းချသည့် နိုင်ငံဖြစ်သည့်အပြင် ပတ်ဝန်းကျင်နိုင်ငံများ၏ စပါးကျီ ဖြစ်မည့် အလားအလာရှိခဲ့။
>
> ယခုအခါ စားနပ်ရိက္ခာနှင့် လောင်စာဆီ များ မလုံလောက်သည့်ပြင် အေအိုင်ဒီအက်စ် ရောဂါများ ပျံ့နှံ့လျက်ရှိ။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၃၁-၃-၂၀၀၈

တရုတ်နှင့်ဗီယက်နမ် နယ်စပ်ကုန်သွယ်မှု တိုးမြှင့်မည်

နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးနှင့် ပတ်သက်ပြီး တရုတ်နှင့်ဗီယက်နမ်တို့ နားလည်မှုစာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးလိုက်ကြသည်။

နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုပမာဏတိုးမြှင့်ရန်အတွက် အဆိုပါနားလည် မှု စာချွန်လွှာကို တရုတ်နိုင်ငံမှ ဆက်သွယ်ရေး ဒုတိယဝန်ကြီး ဝမ်မင်ယွန်နှင့် ဗီယက်နမ်ပို့ဆောင်ရေးဒုတိယဝန်ကြီးလီမင်ဟန်တို့ကလက်မှတ်ရေးထိုးကြသည်။

ဖိလစ်ပိုင်ရှိ ဆွီဒင်သံရုံး ပိတ်တော့မည်

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ဆွီဒင်သံရုံးကို မေ ၃၁ရက်၌ ပိတ်သိမ်း တော့မည်ဖြစ်ကြောင်း ဆွီဒင်နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အရာရှိများက ပြောကြားသည်။

ဖိလစ်ပိုင်ရှိ ဆွီဒင်နိုင်ငံသားအတွက် ကိစ္စရပ်များဆောင်ရွက်ရန် ကောင် စစ်ဝန် ထားရှိမည်ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံသားများအတွက် အလုပ်လုပ် ကိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဆွီဒင်သံရုံးသို့ လွှဲပြောင်းလုပ်ကိုင်ပေးမည်ဖြစ်သည်။

အာရပ်ထိပ်သီးအစည်းအဝေး ကာတာ၌ ကျင်းပမည်

နောက်တစ်ကြိမ် ကျင်းပမည့်(၂၁)ကြိမ်မြောက် အာရပ်ထိပ်သီးအစည်း အဝေးကို ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ကာတာအရာရှိများက ပြောကြားသည်။

ထိုသို့ ကာတာနိုင်ငံအား အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်အကြိမ်(၂၀) မြောက် အာရပ်ထိပ်သီးအစည်းအဝေးက သဘောတူညီခဲ့ခြင်းဖြစ်သည်။

ထိုင်းနှင့်လာအို ဆက်သွယ်မည့်တံတား တည်ဆောက်မည်

ထိုင်းနှင့်လာအိုနိုင်ငံတို့ကို ဆက်သွယ်မည့် တံတားသစ်တစ်စင်းကို တည် ဆောက်မည်ဖြစ်ကြောင်း နှစ်နိုင်ငံအရာရှိများက ပြောကြားသည်။

အဆိုပါတံတားကို ယခုနှစ်ဇွန်လ၌ စတင်တည်ဆောက်မည်ဖြစ်ပြီး ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၃၂သန်း ခန့်မှန်းထားပြီး ၂၀၁၁ ခုနှစ်၌ ဖွင့်လှစ်နိုင်ရန် မျှော်မှန်းထားသည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုး အနည်းငယ်မြင့်တက်

ကမ္ဘာ့ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာတန်ဖိုး အနည်းငယ် မြင့်တက်လာကြောင်း အမေရိကန် ငွေကြေးလုပ်ငန်းရှင်များက ပြောကြား သည်။

ယူရိုငွေနှင့်ဖလှယ်ရာတွင် တစ်ယူရိုလျှင် အမေရိကန်ဒေါ်လာ ၁ဒသမ ၅ဒေါ်လာရှိလာပြီး ပေါင်ငွေနှင့်ဖလှယ်ရာတွင် တစ်ပေါင်လျှင် အမေရိကန် ဒေါ်လာ ၁ဒသမ ၉၉၁၆ ဒေါ်လာအထိ တန်ဖိုးတက်လာသည်။

ကမ္ဘာ့အရှည်ဆုံး မြစ်ကူးတံတား ဖွင့်လှစ်တော့မည်

ကမ္ဘာ့အရှည်ဆုံး မြစ်ကူးတံတား တစ်စင်းကို တရုတ်နိုင်ငံက လာမည့် မေလ၌ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြား သည်။

အဆိုပါတံတားမှာ ရှန်ဟိုင်းမြို့အနီး ဟန်ကျိုးပင်လယ်အော်ကို ဖြတ်သန်း ဖောက်လုပ်ထားသော တံတားဖြစ်ပြီး လက်ရှိအချိန်၌ တည်ဆောက်မှု၏ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

သူတို့အတွေးနှင့် အမြင်

* *The wicked are always ungrateful.*
  လူယုတ်မာများသည် အမြဲကျေးဇူးကန်းတတ်ကြသည်။

ဆာဗန်တီးစ်
(စာရေးဆရာ)

* *Better three hours too soon, than one minute too late.*
  တစ်မိနစ်နောက်ကျခြင်းထက် သုံးနာရီစောနေခြင်းက ပို၍ကောင်း သည်။

ရှိတ်စပီးယား (ပြဇာတ်ရေးဆရာ)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

■ တန်ဇန်းနီးယားနိုင်ငံမြောက်ပိုင်း အာရူဆာမြို့အနီး ဝန်းကျင်ဒေသများ တွင် မတ်၃၁ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းခဲ့ရာ ခြောက်ဦး သေဆုံးခဲ့ပြီး ၅၃ဦး ပျောက်ဆုံးလျက်ရှိသည်။ **(အောက်ပုံ)**

➢ **ကနေဒါနိုင်ငံအရှေ့ပိုင်း ကိတ်ဘရီတန်မြို့ကမ်းလွန်၌ မတ် ၃၁ရက်က သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ သင်္ဘောသားအားလုံးကို ကယ်ဆယ်နိုင်ခဲ့ သည်။**

■ ကနေဒါနိုင်ငံ အော့တာဝါမြို့ကမ်းလွန်တွင် မတ်၃၁ရက်က ငါးဖမ်း စက်လှေ နှစ်စင်းတိုက်မိခဲ့ရာ ငါးဖမ်းသမားလေးဦး ပျောက်ဆုံးလျက် ရှိသည်။

➢ **ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယိုမြို့တွင် မတ် ၃၁ ရက်ကမီးလောင်မှုဖြစ်ပွားရာ အိမ် ၁၅လုံး မီးဘေးကြုံတွေ့ခဲ့ရပြီး နှစ်ဦးသေဆုံးကာ လေးဦးဒဏ်ရာ ရရှိခဲ့သည်။**

■ အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ် စီနာဘတ်မြို့အနောက်တောင်ဘက် ကမ်းလွန်၌ မတ် ၃၁ ရက်က အင်အားရစ်ချ်တာစကေး ၆ဒသမ၂ရှိ ငလျင်လှုပ်ခဲ့ကြောင်း၊ ထိခိုက်မှုမရှိကြောင်း သိရသည်။

➢ **ရုရှားနိုင်ငံ မော်စကိုမြို့အရှေ့ဘက် မိုင် ၄၀ခန့်အကွာ ကျေးရွာများ၌ မတ် ၃၁ရက်က အပူချိန် ရေခဲမှတ်အောက်အထိ ကျဆင်းပြီး အအေးလွန်ကဲရောက်ခဲ့ရာ လူနှစ်ဦး သေဆုံးခဲ့သည်။**

■ အီဂျစ်နိုင်ငံ နိုင်းဒေတာမြို့အနီး မတ် ၃၀ ရက်က ခရီးသည်တင် ကားတစ်စီး လမ်းဘေးထိုးကျခဲ့ရာ ၁၁ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။



အိုဘားမားနှင့်ပြိုင်ဆိုင်နေမှုမှ ဟီလာရီ နုတ်ထွက်မည်မဟုတ် ပင်ဆယ်ဗေးနီးယား အကြိုရွေးကောက်ပွဲ ဟီလာရီနိုင်ခြေရှိ

ဝါရှင်တန် မတ် ၃၁

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်သမ္မတလောင်းဖြစ်ရေး မဲဆွယ်စည်းရုံးမှုကို ဟီလာရီအနေဖြင့် စွန့်လွှတ်ရန် အိုဘားမားကို ထောက်ခံသူများက တောင်းဆိုလာခြင်းကို ဟီလာရီက ပယ်ချလိုက်သည်။

ဩဇာတိက္ကမရှိသော ဒီမိုကရက်တစ်ပါတီဝင်နှင့်အိုဘားမားကိုထောက်ခံသူ အထက်လွှတ်တော်အမတ် ပက်ထရစ်လီဟီက ဟီလာရီအနေဖြင့် အိုဘားမားနှင့် ဆက်၍ အကြိတ်အနယ်မဲဆွယ်စည်းရုံးနေခြင်းကြောင့် သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်သမ္မတလောင်းကို အနိုင်ရအောင်လုပ်ပေးသလို ဖြစ်မည်ဟု ပြောကြားလိုက်သည်။



ဟီလာရီကလင်တန်နှင့် အိုဘားမား

ပြောကြား

ဟီလာရီက ပါတီညီလာခံကိုယ်စားလှယ် ပိုမိုရရှိရေး အိုဘားမားနှင့်ယှဉ်ပြိုင်မှုမှ နုတ်ထွက်သွားမည်မဟုတ်ကြောင်း ၄င်းအား ထောက်ခံသူများကို ပြောကြားလိုက်သည်။

အရေအတွက်နည်း

နယူးယောက် အထက်လွှတ်တော်အမတ် ဟီလာရီမှာ ဒီမိုကရက်တစ် သမ္မတလောင်းဖြစ်ရေးတွင် ညီလာခံကိုယ်စားလှယ်ရရှိမှု အရေအတွက်မှာ အိုဘားမားထက် နည်းသည်။

သို့သော် ဧပြီ ၂၂ရက် အင်္ဂါနေ့တွင် ကျင်းပမည့် ပင်ဆယ်ဗေးနီးယား ပြည်နယ်အကြိုရွေးကောက်ပွဲတွင် ဟီလာရီက အိုဘားမားထက် ၁၀မှတ် သာနေ၍ နိုင်ခြေရှိကြောင်း နောက်ဆုံးဆန္ဒသဘောထား စစ်တမ်းတွင် ဖော်ပြနေသည်။

(အင်တာနက်)

ဘဂ္ဂဒက်မြို့တော်၌ ညမထွက်ရ အမိန့် ရက်အကန့်အသတ်မရှိ တိုးချဲ့ကြောင်းကြေညာ

ဘဂ္ဂဒက် မတ် ၃၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အတွင်း ၂၄နာရီ ညမထွက်ရ အမိန့်ကို ဘဂ္ဂဒက်စစ်ဌာနချုပ်က ရက်အကန့်အသတ်မရှိ တိုးချဲ့လိုက်သည်။

သက်တမ်းကုန်ဆုံး

ဘဂ္ဂဒက်မြို့တော်နှင့် အခြားနေရာတို့တွင် အစိုးရတပ်များနှင့်ရှီးယိုက်ပြည်သူ့စစ်များ တိုက်ခိုက်နေသည့်ကြားကပင် အိမ်ပြင်မထွက်ရ အမိန့်ကို မတ် ၂၇ရက်က ကြေညာလိုက်သည်။ မတ် ၃၀ရက် နံနက်ပိုင်းတွင် ယခင် အိမ်ပြင်မထွက်ရ အမိန့်သက်တမ်းကုန်ဆုံးခဲ့ပြီးဖြစ်သည်။

တောင်းဆိုချက်

သဘောထားတင်းမာသော ရှီးယိုက်ဘာသာရေးခေါင်းဆောင် ဆာဒါးက ၄င်း၏ပြည်သူ့စစ်များအနေဖြင့် လက်နက်ချရန် အစိုးရ၏တောင်းဆိုချက်ကို လေးစားနာခံမည်မဟုတ်ကြောင်း ပြောကြားပြီး နာရီပိုင်း အတွင်းတွင် အိမ်ပြင်မထွက်ရအမိန့်ကို သက်တမ်းတိုးလိုက်ခြင်းဖြစ်သည်။

အီရတ်နိုင်ငံတစ်ဝန်း မတ် ၂၅ ရက်ကတည်းက ဖြစ်ပွားသည့် တိုက်ပွဲများကြောင့် လူ ၂၀၀ကျော် သေဆုံးခဲ့သည်။ **(အင်တာနက်)**

အီရတ်မြောက်ပိုင်းရှိ ကာ့ဒ်သူပုန်များအား တူရကီတပ်များက မုံးကြိတိုက်ခိုက်

အစ္စတန်ဘူလ် မတ် ၃၁

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကာ့ဒ်သူပုန်စခန်းများကို မတ် ၂၉ ရက်က တူရကီတပ်များသည် လေကြောင်းနှင့် အမြောက်များသုံး၍ တိုက်ခိုက်ခဲ့ကြောင်း တူရကီတပ်များက မတ် ၃၀ရက်တွင် ပြောကြားသည်။

သေဆုံး

ယင်းတိုက်ခိုက်မှုများကြောင့် အနည်းဆုံး ၁၅ဦးသေဆုံးသွားကြောင်း တူရကီနိုင်ငံရှိ ပစ်မှတ်များကို ကာဒ့်သူပုန်များက တိုက်ခိုက်ရန်စီစဉ်နေ၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း တူရကီစစ်ဘက်က ပြောကြားသည်။ တူရကီလေတပ်က မတ် ၂၈ ရက်တွင်လည်း ကာ့ဒ် သူပုန်စခန်းများကို ဗုံးကြဲ တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။ ပြီးခဲ့သည်လက တူရကီတပ်များက အီရတ်မြောက်ပိုင်းရှိ ကာ့ဒ်သူပုန်များကို သီတင်းပတ်ကြာ ထိုးစစ်ဆင် တိုက်ခိုက် ခဲ့သည်။ တူရကီတပ်များသည် နယ်စပ်ဖြတ် ကျော်တိုက် ခိုက်နေသော သူပုန်များ၏ ခြေကုပ်စခန်းများကို တိုက်ခိုက်ခဲ့သည်။

တိုက်ခိုက်နေ

အဆိုပါ သူပုန်အခြေစိုက်စခန်းများတွင် ကာ့ဒ်သူပုန် ၃၀၀၀ကျော်ခန့် ခြေကုပ်ယူလျက် တူရကီနိုင်ငံအတွင်း မကြာခဏ တိုက်ခိုက်နေခြင်းကြောင့် အမြစ်ပြတ်ချေမှုန်း တိုက်ခိုက်သွားမည် ဖြစ်ကြောင်း တူရကီတို့က ပြောကြားသည်။ **(အင်တာနက်)**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသော တေးဂီတဖျော်ဖြေပွဲတွင် ဆူဇူးကီးတေးဂီတဆိုင်ရာ နည်းပညာကျောင်းမှ ကျောင်းသားကျောင်းသူများက သံစုံတီးဝိုင်းဖြင့် ဖျော်ဖြေနေသည်ကို မတ် ၃၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပိုးသတ်ဆေးများကြောင့် ပါကင်ဆန်ရောဂါ ဖြစ်ပွားနိုင်

မီယာမီ မတ် ၃၁

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ရာတွင် ပိုးသတ်ဆေးအလွန်အကျွံ သုံးစွဲနေမှုကြောင့် စားသုံးသူများ ပိုးသတ်ဆေး ဆေးကြွင်းဆေးကျန်များစားမိသဖြင့် ပါကင်ဆန်ရောဂါခေါ်အကြောအားနည်း၍ ခြေလက်တုန်သောရောဂါဖြစ်ပွားနိုင်သည်ကို အခိုင်အမာတွေ့ရှိထားကြောင်း ဆေးဘက်ကျွမ်းကျင်ပညာရှင်များက ပြောကြားသည်။

လေ့လာခဲ့

ထိုပိုးသတ်ဆေးများပါသော သစ်သီးဝလံများ စားမိသဖြင့် အာရုံကြောဆိုင်ရာ ရောဂါဖြစ်ပွားမှုနှင့်လည်း ဆက်စပ် နေကြောင်း ဘီအမ်စီအာရုံကြောဆိုင်ရာ ဂျာနယ်တွင် ရေးသားဖော်ပြသည်။ အမေရိကန် သုတေသနပညာရှင်များသည် ယင်းကိစ္စနှင့်စပ်လျဉ်းပြီး လူပေါင်း ၆၀၀ကို လေ့လာခဲ့ရာတွင် ပိုးသတ်ဆေးကြောင့် ပါကင်ဆန်ရောဂါဖြစ်ပွားရန် ၁ ဒသမ ၆ဆ ပိုမြင့်မားလာသည်ကို တွေ့ရှိခဲ့သည်ဟုဆိုသည်။

မေးမြန်း

အဆိုပါ အမေရိကန် သုတေသနပညာရှင်များအဖွဲ့တွင် ဒူကေးတက္ကသိုလ်၊ မီယာမီတက္ကသိုလ်နှင့် ယူဒယ်လ် ပါကင်ဆန်သုတေသနတို့မှ သိပ္ပံပညာရှင်များ ပါဝင်သည်။ ယင်းတို့သည် ပါကင်ဆန်ရောဂါ ဝေဒနာရှင် ၃၁၉ဦးတို့အား မေးမြန်းခဲ့သည်ဟုဆို၏။ ၄င်းတို့အနက်မှ ပိုးသတ်ဆေးသုံးစွဲသော လူနာများတွင် ပါကင်ဆန်ရောဂါအဖြစ်များနေသည်ကို တွေ့ရှိရသည်ဟုဆိုသည်။ (အင်တာနက်)

အင်္ဂလန်၌ လေယာဉ်ငယ်တစ်စင်း လူနေရပ်ကွက်အတွင်း ပျက်ကျ

ကင့်(န်) မတ် ၃၁

အင်္ဂလန်နိုင်ငံ အရှေ့တောင်ပိုင်း ကင့်(န်)ပြည်နယ် ဖန်းဘိုရော့မြို့၌ မတ် ၃၀ရက်က လေယာဉ်မှူးနှစ်ဦးနှင့် ခရီးသည်သုံးဦးလိုက်ပါလာသော လေယာဉ်ငယ်တစ်စင်း ပျက်ကျသွားခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

ပျက်ကျ

အဆိုပါလေယာဉ်ငယ်သည် ဘစ်ဂျင်းတောင်လေဆိပ်မှ ပျံတက်သွားပြီး မကြာမီဒေသစံတော်ချိန် ၁၄နာရီ မိနစ် ၃၀တွင် ပျက်ကျသွားခဲ့ကြောင်း လေဆိပ်တာဝန်ရှိသူများက ပြောကြားသည်။

သေဆုံး

၄င်းလေယာဉ်သည် လူနေရပ်ကွက်အတွင်း နေအိမ်များပေါ်သို့ ပျက်ကျခဲ့သဖြင့် နေအိမ်အများအပြား ပျက်စီးသွားကြောင်း၊ လိုက်ပါသွားသူများအားလုံး သေဆုံးသွားကြောင်းသိရသည်။ **(အင်တာနက်)**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဆောက်လုပ်ဆဲ လေးထပ်အဆောက်အအုံ ပြိုကျမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကြားတွင် အသက်ရှင်ကျန်ရစ်သူများအား ကယ်ဆယ်ရေးလုပ်သားများက လိုက်လံရှာဖွေနေသည်ကို မတ် ၃၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လာအိုနိုင်ငံဝန်ကြီးချုပ် တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၃၀ ရက် ည ၇ နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Don Chan Palace Hotel ဒုတိယထပ်ရှိ Convention Hall Zone A ၌ ကျင်းပသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်းက မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့အား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

တက်ရောက်

ဂုဏ်ပြုညစာစားပွဲသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက် ဟွန်ဆင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာဝမ်ကြားပေါင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ ဟာရူဟီကို ကူရိုဒါ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှ ဝန်ကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညစာသုံးဆောင်

ညစာစားပွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့နှင့်အတူ ညစာသုံးဆောင်သည်။

ဖျော်ဖြေတင်ဆက်

ညစာသုံးဆောင်နေစဉ်အတွင်း လာအိုအမျိုးသားယဉ်ကျေးမှုအကအဖွဲ့က အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်သည်။ ဖျော်ဖြေတင်ဆက်မှုအပြီးတွင် GMS ခေါင်းဆောင်များသည် လာအိုအမျိုးသားယဉ်ကျေးမှု အဆိုအက အဖွဲ့များနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ညစာစားပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ Mr. Choummaly Sayasone အား ဗီယင်ကျန်းမြို့ရှိ Ho Kham သမ္မတနန်းတော် ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်က အဆွေတော် သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် လာအိုနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေသည်ကို တွေ့ရှိရသည့်အတွက် အထူး ဝမ်းမြောက်မိပါကြောင်း၊ လာအိုနိုင်ငံ အနေဖြင့် အာဆီယံ ထိပ်သီးညီလာခံကိုသာမက မဟာမဲခေါင်မြစ်ဝှမ်းဒေသ ထိပ်သီးညီလာခံကိုလည်း အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြောကြားပြီး မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ရပ်တည်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီးကလည်း မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား ချစ်ကြည်ရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မာနေသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားနေသည်များကို မိမိတို့ ကောင်းစွာသိရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ အောင်မြင်မှုရရှိလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ လာအိုနိုင်ငံသည် အိမ်နီးချင်းမိတ်ဆွေကောင်းတစ်ဦးအနေဖြင့် မြန်မာနိုင်ငံဘက်မှ ဆက်လက်ထောက်ခံရပ်တည်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

ကြိုဆိုနှုတ်ခွန်းဆက်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်းက မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌတို့အား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြု ညစာစားပွဲတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ဖျော်ဖြေတင်ဆက်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်းက မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌတို့အား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြု ညစာစားပွဲတွင် လာအိုအမျိုးသားယဉ်ကျေးမှုအကအဖွဲ့က အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

✻ *ကျောဖုံးမှ*

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား လေယာဉ်လေ့ကားထိပ်မှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရကိုယ်စားလှယ် စိုက်ပျိုးရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး Mr. Sitaheng Latsaphone က ကြိုဆိုနှုတ်ဆက်သည်။

ဂုဏ်ပြုပန်းစည်းပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား လာအိုအမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်သည်။

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်ဝန်ကြီးချုပ်အား လာအိုအစိုးရ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်၊ စစ်သံမှူး ဗိုလ်မှူးချုပ်သန်းဝင်းနှင့် မြန်မာသံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရောက်ရှိရပ်နား

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ခေတ္တတည်းခိုမည့် Don Chan Palace Hotel သို့ ရောက်ရှိရပ်နားကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁–၄–၂၀၀၈ ရက်

(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အသွင်သဏ္ဌာန်တောက်သည့် သဇင်တန်ပေါက်တံတား
၇:၅၀ ၅။ တေးဂီတအစီအစဉ်
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၃၀ ၈။ International News
၈:၄၅ ၉။ တေးဂီတအစီအစဉ်
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ Let's Go
၄:၃၀ ၃။ ကဗျာပန်းဥယျာဉ်
၄:၄၀ ၄။ တေးဂီတအစီအစဉ်
၄:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) [ရူပဗေဒ]
၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၅ ၇။ တေးဂီတအစီအစဉ်
၅:၃၀ ၈။ ဆိုကြမယ် ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၀ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
၇:၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တယ်.... ချစ်တယ်** (အပိုင်း–၁၁)
၇:၅၀ ၁၄။ ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး ဆရာဒကာ လက်တွဲညီစွာ ကြိုးပမ်းဆောင်ရွက်မှု (အပိုင်း–၂)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာမျဉ်းပြိုင်** (အပိုင်း–၁၅)
၂၀။ အစီအစဉ်ပြီး၏။

မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ လူငယ်ဆွေးနွေးပွဲ စည်းလုံးညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် မဲခေါင်ဒေသဖြစ်ပေါ်ရေး အထောက်အကူဖြစ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးရေး စဉ်ဆက်မပြတ်မြှင့်တင်

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၃၀ရက် မွန်းလွဲ ၂နာရီခွဲတွင် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ရန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Don Chan Palace Hotel ဒုတိယထပ်ရှိ VIP Holding Room ရှေ့သို့ ရောက်ရှိရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်းက ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

အလားတူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့တက်ရောက်ရန်ရောက်ရှိလာကြသည့် မဟာမဲခေါင်မြစ်ဝှမ်း ဒေသတွင်းနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များအားလည်း VIP Holding Room ရှေ့မှ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာဟာရူဟီကိုကူရိုဒါတို့နှင့်အတူ လူငယ်တွေ့ဆုံပွဲ အခမ်းအနား မစတင်မီ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ လူငယ်များ ရေးဆွဲထားသည့် “My World My Home” အမည်ရှိ ပန်းချီကားများ၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှပြသထားသည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သည့် ပိုစတာနှင့် ဓာတ်ပုံများ၊ မြန်မာနိုင်ငံက ပြသထားသည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သည့် အကြောင်းအရာများ၊ မြန်မာနိုင်ငံရှိ ထင်ရှားသည့် နေရာဒေသများ၊ ယဉ်ကျေးမှုနှင့် သဘာဝရှုခင်းများပြခန်းကို လိုက်လံကြည့်ရှုကြသည်။

တက်ရောက်

ထို့နောက် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်များနှင့်တွေ့ဆုံပွဲကို မွန်းလွဲ၃နာရီတွင် Don Chan Palace Hotel ဒုတိယထပ်ရှိ Dok Champa Room၌ ကျင်းပရာ တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံအလိုက် ညှိနှိုင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမှ လူငယ်ကိုယ်စားလှယ်ခြောက်ဦးအပါအဝင် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ သဘာပတိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်းက အဖွင့်မိန့်ခွန်းပြောကြားသည်။

ဖတ်ကြားတင်ပြ

ယင်းနောက် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ လူငယ်ဖိုရမ် သဘာပတိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ Ms. Bounphady Insisienmay က လူငယ်များ၏သဝဏ်လွှာအကျဉ်းချုပ်ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့ထံ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ သက်ဆိုင်ရာလူငယ်ကိုယ်စားလှယ်များက လူငယ်သဝဏ်လွှာများကို အသီးသီးပေးအပ်ကြသည်။

ယင်းနောက် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး သဘာပတိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

အမှာစကားပြော

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့က အမှာစကားပြောကြားကြသည်။

အခွင့်အလမ်း

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ပဏာမဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် အမှာစကားပြောကြားရာတွင် ယခုကျင်းပပြုလုပ်သည့် ဂျီအမ်အက်စ်လူငယ်ဖိုရမ်သည် မဲခေါင်ဒေသခွဲစီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ဒေသခွဲရှိလူငယ်များကို ၎င်းတို့နိုင်ငံခေါင်းဆောင်လူကြီးများ၏ အရေးကြီးသည့်အခမ်းအနားတစ်ခုတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်နိုင်စေရန် အခွင့်အလမ်းဖော်ထုတ်ပေးသည့် ပထမဦးဆုံး အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း။

လူငယ်များအားလုံးသည် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းကစ၍ မဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံလမ်းကြောင်းများအတိုင်း ခရီးသွားယာဉ်တန်းအစီအစဉ်ဖြင့် ဗီယင်ကျန်းမြို့သို့ ရောက်ရှိလာခြင်းဖြစ်၍ ကျွန်ုပ်တို့ဒေသခွဲ၏ ဆက်စပ်ယှက်နွယ်မှု (Connectivity)၊ အရည်အသွေးမြင့်မားမှု(Competitiveness) နှင့် လူမှုဖွဲ့စည်းတည်ဆောက်မှု (Community) ဆိုသည့် Three C နှင့် ပတ်သက်၍ မျက်မြင်ကိုယ်တွေ့ ပိုမိုသိရှိနားလည်ကြပြီဟု ယုံကြည်ကြောင်း။

ပိုမိုသိရှိနားလည်

ဂျီအမ်အက်စ်လူငယ်အစီအစဉ်၏ အဓိကရည်မှန်းချက်တစ်ရပ်မှာ မဲခေါင်ဒေသခွဲနိုင်ငံများရှိ အလွှာမျိုးစုံမှ မျိုးဆက်သစ်လူငယ်များကို ဂျီအမ်အက်စ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်နှင့် အဆိုပါ Three C အစီအစဉ်တို့နှင့်ပတ်သက်၍ ပိုမိုသိရှိနားလည်စေရန်ဖြစ်ကြောင်း။

ဂျီအမ်အက်စ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအောက်တွင် အချိန်အားဖြင့် ၁၅နှစ်တာကာလအတွင်း မဲခေါင်ဒေသခွဲ၏ ဦးစားပေးကဏ္ဍများဖြစ်သည့် လယ်ယာစိုက်ပျိုးရေး၊ စွမ်းအင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သယ်ယူပို့ဆောင်ရေး၊

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့်လူငယ်များနှင့် တွေ့ဆုံပွဲကို တက်ရောက်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်း ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တက်ရောက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများ လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့်လူငယ်များနှင့် တွေ့ဆုံပွဲကို တက်ရောက်စဉ်။

(သတင်းစဉ်)

တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌနှင့် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများလူငယ်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

သံရုံး သံရုံး ယာယီတာဝန်ခံ Mr. Thongkhoun SENGPHACHAN နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

သာစုကန် ခုနစ်ရက်ဒုလ္လဘစခန်း

ရန်ကုန် မတ် ၃၁

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် သာစုကန်ကျေးရွာ သာစုကန်ပရိယတ္တိစာသင်တိုက်တွင် ကျောက်ဆင်တောရ ပခုက္ကူဆရာတော်ကြီး၏ နည်းနိဿယများကို လိုက်နာ၍ ဧပြီ ၁၁ ရက် (သောကြာနေ့)မှ ၁၈ ရက် (သောကြာနေ့)အထိ ခုနစ်ရက် ဒုလ္လဘရဟန်းဝတ်ပွဲကျင်းပမည်ဖြစ်သည်။ ဤစခန်းတွင် ခုနစ်ရက်တိတိ ရဟန်းဝတ်နိုင်မည့် ပုဂ္ဂိုလ်များကို ဦးစားပေးလက်ခံမည်ဖြစ်ရာ ရဟန်းဝတ်လိုသူများသည် ဦးမြင့်ကြွယ် ဖုန်း-၀၉-၅၀-၂၆၃၇၆၊ ဦးစိုးမြင့် ဖုန်း-၆၄၄၇၄၅၊ ဦးအုန်းလွင် ဖုန်း-၅၀၂၅၅၆၊ ဦးမြင့်လွင်(**MWJA** ရုံး)ဖုန်း-၂၅၂၄၁၇၊ ဦးမျိုးဝင်း ဖုန်း-၆၄၁၄၉၁ တို့သို့ ဆက်သွယ်၍ သာစုကန် ပရိယတ္တိစာသင်တိုက်သို့ ဧပြီ ၁၁ ရက်(သောကြာနေ့) မွန်းတည့် ၁၂ နာရီအရောက် လာရောက်ကြရန်နှင့် ၂၀၀၇ ခုနှစ်က ဤစခန်းတွင် ဒုလ္လဘဝတ်ဖူးသူများ မှတ်ပုံတင်မူရင်း၊ မိတ္တူနှင့် ရဟန်းရက်ချုပ်ယူလာကြပြီး မဝတ်ဖူးသေးသူများ ရပ်ကွက် ထောက်ခံစာ၊ ရဲစခန်း ထောက်ခံစာ၊ မှတ်ပုံတင်မူရင်းနှင့် မိတ္တူအပြင် လိုင်စင်ဓာတ်ပုံ နှစ်ပုံတို့ကို မပျက်မကွက် ယူဆောင်လာရမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲသို့ တက်ရောက်လာသူများ တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်စဉ်။ (သတင်းစဉ်)

မဲခေါင်ဒေသခွဲနိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့ရေး မဟာဗျူဟာဘောင်စီမံကိန်း (SFA-TFI) ကို အကောင်အထည်ဖော်လျက်ရှိ

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၃၀ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Don Chan Hotel ၁၄ ထပ်ရှိ Sky Lounge Private Room ၌ကျင်းပသည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲသို့ တက်ရောက်လာသူများ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

တက်ရောက်

တွေ့ဆုံဆွေးနွေးပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာဟာရူဟီကိုကူရိုဒါ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွှန့်လှိုင်၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်၊ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးအဖွဲ့ ဒါရိုက်တာအဖွဲ့ဝင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင် ခေါင်းဆောင်သည့် အဖွဲ့ဝင်များ၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှ ညှိနှိုင်းရေးမှူးများ၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် သဘာပတိအဖြစ် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်းက ဆောင်ရွက်ပြီး ရှေးဦးစွာ သဘာပတိက အဖွင့်မိန့်ခွန်းပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း စီးပွားရေးလုပ်ငန်း ဖိုရမ် အတွင်းရေးမှူးချုပ် မစ္စတာအူဒေးဆူဗန်နာဗောင်က မဟာမဲခေါင်မြစ်ဝှမ်းဒေသခွဲအတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေ တိုးတက်ကောင်းမွန်ရေးအတွက် စိန်ခေါ်မှုများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း စီးပွားရေးဖိုရမ် သဘာပတိ မစ္စတာဟွန်ဗန်စွန်းက မဟာမဲခေါင်ဒေသများအကြား သယ်ယူပို့ဆောင်ရေးဆိုင်ရာသဘောတူစာချုပ် အကောင်အထည်ဖော်ရေးတွင် ပုဂ္ဂလိက ကဏ္ဍ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မဟာမဲခေါင်ဒေသတွင်း စီးပွားရေးဖိုရမ်နှင့် ဘုတ်အဖွဲ့ သဘာပတိဟောင်းနှင့် လက်ရှိအဖွဲ့ဝင်ဖြစ်သူ ဒေါက်တာဂျန်ဂျိုင်ဟန်ချန်လာ့ရှ်က ပို့ကုန်ဈေးကွက်တွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ပါဝင်မှုတိုးမြှင့်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းတို့က အမှာစကားပြောကြားကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် မဲခေါင်ဒေသခွဲကို ၁၉၉၂ ခုနှစ်တွင် စတင်ဖွဲ့စည်းချိန်မှစ၍ အဖွဲ့ဝင် ခြောက်နိုင်ငံတို့မှ အစိုးရ အရာရှိများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင် ပုဂ္ဂိုလ်များသည် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်း အထွေထွေဖွံ့ဖြိုးတိုးတက်မှုများ တိုးမြှင့်လာစေရေးအတွက် ထိရောက်သော ဆွေးနွေးမှုများကို ပြုလုပ်ခြင်း၊ သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ အပြန်အလှန်အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြကြောင်း။

ဘာသာရပ်သုံးခု

ယခုနှစ် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်မှာ ကမ္ဘာ့အဝန်း စီးပွားရေး ကူးလူးဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများအတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေးဖြစ်ကြောင်း။

ယခုဆွေးနွေးပွဲကို အပိုင်းသုံးပိုင်းဖြင့် ဘာသာရပ်သုံးခုအား ဆွေးနွေးကြရာ၌ ပထမဘာသာရပ်အဖြစ် မဲခေါင်ဒေသခွဲအတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေ တိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကိုလည်းကောင်း၊ ဒုတိယဘာသာရပ်အဖြစ် နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေး သဘောတူညီချက် အကောင်အထည်ဖော်ရေးတွင် ပုဂ္ဂလိက ကဏ္ဍ၏ ဖြစ်နိုင်ဖွယ်ရှိသော အခန်းကဏ္ဍများကို လည်းကောင်း၊ တတိယဘာသာရပ်အဖြစ် ပို့ကုန်ဈေးကွက်တွင် မဲခေါင်ဒေသ အသေးစားနှင့် အလတ်စားလုပ်ငန်းများ တိုးမြှင့်ပါဝင်ဆောင်ရွက်ရေးတို့ကို သက်ဆိုင်ရာအဖွဲ့၏ နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်ကြီးများက ဆွေးနွေးတင်ပြခဲ့ကြကြောင်း။

ပိုမိုများပြား

လက်ရှိအခြေအနေတွင် မဲခေါင်ဒေသခွဲတွင် ပေါင်းစည်းမှု ဖွံ့ဖြိုးလာသည်နှင့်အတူ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ပိုမိုတိုးမြှင့်လာသကဲ့သို့ စိန်ခေါ်မှုများမှာလည်း ပိုမိုများပြားလာကြောင်း၊ အဆိုပါ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ပြီး ဒေသတွင်းနိုင်ငံများအတွင်း အပြန်အလှန် အကျိုးကျေးဇူးများဖြစ်ပေါ်လာစေရန်မှာ အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသာ ဖြစ်နိုင်မည်ဟု အလေးအနက်ယုံကြည်ကြောင်း။

နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေး သဘောတူညီချက် (CBTA) ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ဒေသတွင်းကုန်သွယ်မှုနှင့် သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့စေရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ အဆိုပါ သဘောတူညီချက်ကို အကောင်အထည်ဖော်ရေးတွင် ပုဂ္ဂလိက ကဏ္ဍအနေဖြင့် မည်သို့မည်ပုံ ပါဝင်ဆောင်ရွက်နိုင်မည်ကို ဖြစ်နိုင်ဖွယ်ရှိမည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်နိုင်ရန်အတွက် မဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ်(GMS Business Forum)အနေဖြင့် ကမကထပြု ဆောင်ရွက်သွားသင့်ကြောင်း။

အထောက်အကူ

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍသည် နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးရေးကို များစွာအထောက်အကူဖြစ်စေနိုင်ကြောင်း၊ အဆိုပါအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်လာခြင်းသည် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်စေခြင်းမှတစ်ဆင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားဖွံ့ဖြိုးမှုကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း။

ဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ အများအပြားလိုအပ်သည့် အခြေခံအဆောက်အအုံစီမံကိန်းများတွင် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိက ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုတို့ ပေါင်းစပ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပိုမိုခရီးရောက်နိုင်မည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုမှာ အဓိကအခြေခံဖြစ်ကြောင်း။

ပုဂ္ဂလိက ကဏ္ဍ

မြန်မာနိုင်ငံတွင် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နိုင်ငံတော်ပိုင် ရင်းနှီးမြှုပ်နှံမှုသာမက ပုဂ္ဂလိက ကဏ္ဍမှ ပါဝင်ပူးပေါင်းဆောင်ရွက်ခွင့် ပေးထားကြောင်း။

မြန်မာနိုင်ငံတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေဟူ၍ ဥပဒေနှစ်ရပ် ပြဋ္ဌာန်းထားရှိကြောင်း။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသို့ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများ၊ ဘက်စုံ ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကုန်တင်ကုန်ချဝန်ဆောင်မှုလုပ်ငန်းများ၊ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများနှင့် အခြားသော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုထားကြောင်း။

ဆောင်ရွက်ခွင့်ပြု

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ပုဂ္ဂလိကလုပ်ငန်းရှင်များအား လမ်းသစ်တည်ဆောက်ခြင်းနှင့် တည်ရှိပြီးလမ်းများအား မွမ်းမံပြင်ဆင်သည့် လုပ်ငန်းများ၊ ဆိပ်ကမ်း တည်ဆောက်ရေးလုပ်ငန်းနှင့် ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများအား ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဆောင်ရွက်ခွင့်ပြုထားကြောင်း၊ အဆိုပါလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားသော လုပ်ငန်းများဖြစ်သဖြင့် ပုဂ္ဂလိက ကဏ္ဍမှ ပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများကို များစွာအထောက်အကူပြုစေကြောင်း။

မြန်မာနိုင်ငံသည် မဲခေါင်ဒေသခွဲ နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း၊ အဆိုပါ သဘောတူစာချုပ်များသည် ဒေသခွဲနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ပုဂ္ဂလိက ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကို အားပေးထားခြင်းပင် ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံမှု

ထို့ပြင် မြန်မာနိုင်ငံတွင် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံသူများနှင့်ပူးပေါင်း၍ ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ဆိပ်ကမ်းလုပ်ငန်းများ၊ စက်မှုဇုန်လုပ်ငန်းများနှင့် အခြားအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဆောင်ရွက်ခွင့်ပြုထားကြောင်း၊ မဲခေါင်ဒေသခွဲနိုင်ငံများသည် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ မဟာဗျူဟာဘောင်စီမံကိန်း (SFA-TFI)ကို တစ်နိုင်ငံချင်းအနေဖြင့်သော် လည်းကောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သော် လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

တိုးတက်ကောင်းမွန်

အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများတွင် အဓိကအောင်မြင်မှုတစ်ရပ်မှာ ဒေသခွဲနိုင်ငံများအတွင်း အဓိကသယ်ယူပို့ဆောင်ရေးစင်္ကြံလမ်းကြောင်းကြီး သုံးခု ပြီးစီးလုနီးပါး ဖြစ်နေခြင်းပင်ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေးအပိုင်းများ တိုးတက်ကောင်းမွန်လာခြင်းနှင့်အတူ သယ်ယူပို့ဆောင်ရေးစင်္ကြံများအား စီးပွားရေးစင်္ကြံအဖြစ်သို့ ပြောင်းလဲဖြစ်ပေါ်စေရန် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကို ဦးစားပေးကိစ္စရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဤကဲ့သို့ စီးပွားရေးစင်္ကြံလမ်းကြောင်းများအဖြစ် အောင်မြင်စွာပြီးမြောက်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုများ များစွာလိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာဟာရူဟီကိုကူရိုဒါက အမှာစကား ပြောကြားသည်။

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဆက်သွယ်ရေး၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် သိသာထင်ရှားသည့် တိုးတက်မှုများရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၃ ရက်တွင် နေပြည်တော်၌ အမျိုးသားအဆင့် လူငယ်တွေ့ဆုံဆွေးနွေးပွဲကို သိုက်သိုက်ဝန်းဝန်း ကျင်းပပြုလုပ်ခဲ့ရာ အလွှာအသီးသီးမှ စုစုပေါင်းလူငယ် ၃၆ ဦးသည် ပထမဆုံးအကြိမ်ဖြစ်သည့် ဂျီအမ်အက်စ်လူငယ်တွေ့ဆုံဆွေးနွေးပွဲအတွက် စုစည်းတွေ့ဆုံခဲ့ကြောင်း၊ အဆိုပါလူငယ်များထဲမှ ၂၀၀၈ ခုနှစ် ဇန်နဝါရီလတွင် ဗန်ကောက်မြို့၌ ကျင်းပသည့် ဒေသဆိုင်ရာ လူငယ်တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု တက်ရောက်ရန် လူငယ်ခြောက်ဦးကို ရွေးချယ်သကဲ့သို့ ကျန်မဲခေါင်ဒေသခွဲ ငါးနိုင်ငံမှ လူငယ်ကိုယ်စားလှယ် ခြောက်ဦးစီကိုလည်း ရွေးချယ်စေလွှတ်ခဲ့သဖြင့် စုစုပေါင်း လူငယ် ၃၆ ဦး စုဝေးရောက်ရှိကြပြီးဖြစ်ကြောင်း၊ အဆိုပါ လူငယ်ကိုယ်စားလှယ် ၃၆ ဦးသည် ယခု မဲခေါင်ဒေသခွဲ လူငယ်ဖိုရမ်တွင် မဲခေါင်ဒေသခွဲအစီအစဉ်၏ ရှေ့သို့ရှုမြင်သည့်ဘောင်အတွင်း အတွေးအမြင်များကို မျှဝေကြရန်လိုကြောင်း။

ချစ်ခင်ရင်းနှီးမှု

လူငယ်များအား အထူးသဖြင့်မှာကြားလိုသည်မှာ ယခု ဂျီအမ်အက်စ် လူငယ်အစီအစဉ်သည် ဒေသခွဲအတွင်း နေထိုင်ကြသည့် လူငယ်များအကြား ချစ်ခင်ရင်းနှီးမှုစိတ်ဓာတ် ဖွဲ့စည်းဖြစ်တည်ဖွံ့ဖြိုးစေပြီး ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုစိတ်ဓာတ်သည် ဒေသခွဲအတွင်းသာမက ကမ္ဘာသို့ပါ သိရှိစေနိုင်မည်ဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် လူငယ်ဆွေးနွေးပွဲသည် မိမိတို့အားလုံး မျှော်မှန်းထားသည့် စည်းလုံးညီညွတ်မှုရှိပြီး ဖွံ့ဖြိုးတိုးတက်သည့် မဲခေါင်ဒေသဖြစ်ပေါ်လာရေးအတွက် များစွာအထောက်အကူဖြစ်စေသည့်အတွက် မဟာမဲခေါင်ဒေသခွဲအတွင်း လူမှု၊ စီးပွားဖွံ့ဖြိုးရေးကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ရန်အလို့ငှာ လူငယ်ဆွေးနွေးပွဲ၏ အရေးပါမှုကို ထပ်လောင်းပြောကြားလိုကြောင်း။

နောက်ဆုံးအနေဖြင့် မဲခေါင်ဒေသခွဲလူငယ်များကို ပထမအကြိမ် မဲခေါင်ဒေသခွဲ လူငယ်ဖိုရမ် အောင်မြင်စွာပြီးစီးမှုနှင့် လူငယ်အစီအစဉ်တစ်လျှောက်လုံးတွင် လူငယ်များ၏ တက်ကြွစွာပါဝင်မှုတို့အတွက် လှိုက်လှဲစွာဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာဟာရူဟီကိုကူရိုဒါက နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ဆွေးနွေးပွဲအပြီးတွင် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌနှင့် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ လူငယ်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

အခြေခံဥပဒေသစ်နှင့် ပြည်ထောင်စုစနစ်(၂)

ယမန်နေ့ကအဆက်

"၁၉၄၇ ခုနှစ် အခြေခံဥပဒေရဲ့ အကျိုးဆက်တွေကို သင်ခန်းစာယူပြီး ၁၉၇၄ ခုနှစ် အခြေခံဥပဒေကျတော့ တိုင်း(၇)တိုင်း၊ ပြည်နယ်(၇)ပြည်နယ်နဲ့ တစ်ပြည်ထောင်စနစ်ကို ရွေးလိုက်ကြတဲ့ သဘောထင်တယ်။"

"၁၉၇၄ ခုနှစ် အခြေခံဥပဒေမှာ အစကတည်းက ဒီပုံစံကို တစ်ခါတည်း ပုံသေဆွဲယူခဲ့တာမျိုးတော့ မဟုတ်ပါဘူး။ ၁၉၄၇ခုနှစ် အခြေခံဥပဒေနဲ့ ၁၉၇၄ ခုနှစ် အခြေခံဥပဒေ ကွဲပြားတာက ၁၉၄၇ ခုနှစ်ကလို ဥပဒေပညာရှင်တွေနဲ့ မူကြမ်းရေးဆွဲရေးကော်မတီက အစပျိုးပြုစုပြီးမှ တိုင်းပြုပြည်ပြုလွှတ်တော်မှာ အချောကိုင်တာမျိုးမဟုတ်ဘဲ ပြည်သူလူထုရဲ့အကြံဉာဏ်ကို ရယူပြီးမှ ဆန္ဒခံယူပွဲမှာ အတည်ပြုမယ့် ဖွဲ့စည်းပုံကို ပြည်သူတွေရဲ့ အကြံပေးချက်အပေါ် မူတည်စဉ်းစား ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။

"ပြည်သူတွေက စာနဲ့တစ်မျိုး၊တစ်ဦးချင်းနဲ့အဖွဲ့လိုက် လူကိုယ်တိုင်တင်ပြလာတာတစ်ဖုံ ပေးလာတဲ့အကြံပြုချက်တွေကို စုစည်းခဲ့တဲ့အပြင် ကော်မရှင်အဖွဲ့ခွဲ၁၅ခုနဲ့ နိုင်ငံအနှံ့သွားပြီး ဆန္ဒကောက်ယူစုံစမ်းခဲ့တဲ့အထဲက ပုံစံတူတွေကို စုစည်းပြီး နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်မှု နမူနာ ပုံစံကြမ်းခြောက်ခုကို ထုတ်ယူနိုင်ခဲ့တယ်။ အဲဒီပုံစံတွေထဲမှာ တိုင်းနဲ့ပြည်နယ်တွေ မခွဲခြားထားတော့ဘဲ မြို့နယ်အဆင့်ကနေ ဗဟိုပြည်သူ့လွှတ်တော်ကို တိုက်ရိုက်တာဝန်ခံဖွဲ့စည်းတဲ့စနစ်က နှစ်မျိုးပါတယ်။ ပြည်သူ့လွှတ်တော်သဘာပတိအဖွဲ့ ဥက္ကဋ္ဌကတော့ နိုင်ငံတော်သမ္မတပေါ့။ အဲဒီစနစ်နှစ်မျိုးမှာ တစ်မျိုးကတော့ ရိုးရိုးပုံစံဖြစ်ပြီး နောက်တစ်မျိုးကတော့ တိုင်းရင်းသားကောင်စီ၁၁ခုကို လွှတ်တော်မှာ ဖွဲ့စည်းပြီးမှ ဒီကောင်စီတွေက သဘာပတိအဖွဲ့ဝင်တွေ ရွေးချယ်ဖို့ပုံစံဖြစ်တယ်။

"တိုင်း(၇)တိုင်း ၊ ပြည်နယ်(၇)ပြည်နယ်ပုံစံကလဲ နှစ်မျိုးပါတယ်။ အဲဒီစနစ် ပုံစံမှာလဲ ပြည်နယ်အစိုးရပါတဲ့ပုံစံနဲ့ မပါတဲ့ပုံစံဆိုပြီး နှစ်မျိုးကွဲပြားတယ်။ ကျန်တဲ့ပုံစံနှစ်ခုကတော့ (၈)ပြည်နယ်ပုံစံနဲ့ တိုင်း(၉)တိုင်း၊ ပြည်နယ်(၄)ပြည်နယ် ပုံစံတွေပါ။

"နယ်မှာဆင်းပြီး လူထုဆန္ဒခံယူခဲ့ကြရာမှာတင်ပြခဲ့ကြတဲ့ လူပေါင်း၁၃၀၀လောက်အနက်က ၆၀ရာခိုင်နှုန်းလောက်က တစ်ပြည်ထောင်စနစ်ကို ထောက်ခံလိုလားကြတယ်။ ၁၉၄၇ ပုံစံ လက်ရှိပြည်ထောင်စုစနစ်ကိုပဲ နှစ်သက်သူက ၂၅ရာခိုင်နှုန်းလောက်ရှိပြီး ဖက်ဒရယ်စနစ်ကို လိုလားသူတွေက ၁၀ရာခိုင်နှုန်းလောက်ရှိတာကို တွေ့ရတယ်။ဒီလိုပြည်သူလူထုရဲ့ ဆန္ဒကို လိုက်နာရတာလည်းတစ်ကြောင်း၊ ပြည်နယ်မရသေးတဲ့ တိုင်းရင်းသားအုပ်စုကြီးတွေရဲ့ လိုလားချက်ဆန္ဒကို ဖြည့်ဆည်းပေးလိုတာကလည်းတစ်ကြောင်း၊ နိုင်ငံရေးအရ တစ်ပါတီဗဟို ဦးစီးစနစ်နဲ့သွားဖို့ ဆုံးဖြတ်ထားတာလည်းတစ်ကြောင်းမို့ အခြေအနေအချိန်အခါနဲ့ကိုက်ညီခဲ့တဲ့ တိုင်းနဲ့ပြည်နယ် ၁၄ခုပုံစံကို ရွေးခဲ့တာပဲ။ ဒါကြောင့် ပြည်နယ်မရသေးတဲ့ မွန်တိုင်းရင်းသားတွေအတွက် တနင်္သာရီတိုင်း(၁)ကို မွန်ပြည်နယ်၊ ချင်းဝိသေသတိုင်းကို ချင်းပြည်နယ်၊ ရခိုင်တိုင်းကို ရခိုင်ပြည်နယ်အဖြစ် သတ်မှတ်ပေးလိုက်ပြီး ပြည်နယ်(၇)ပြည်နယ် ဖြစ်လာခဲ့တာပေါ့။"

"၁၉၇၄ခုနှစ် အခြေခံဥပဒေကလဲ ဆိုရှယ်လစ်စီးပွားရေးစီမံကိန်းအကောင်အထည်ဖော်မှုတွေရဲ့ အားနည်းချက်တွေကြောင့်ဖြစ်ပေါ်လာတဲ့နိုင်ငံတကာရေစီးကြောင်းနဲ့အတူ ၁၉၈၈ခုနှစ်မှာ အဆုံးသတ်သွားခဲ့ရတယ်မဟုတ်လား။ အဲဒီကနေ နိုင်ငံတော်တာဝန်ကို တပ်မတော်အစိုးရက ယူခဲ့ရပြီးတဲ့နောက် အမျိုးသားညီလာခံကနေ အခုထွက်ပေါ်လာတဲ့ အခြေခံဥပဒေမူကြမ်းမှာရော ပြည်ထောင်စုနဲ့ ပြည်နယ်ဖွဲ့စည်းပုံတွေကဘယ်လိုလဲဆိုတာ ရှင်းပြစမ်းပါဦး။"

"အခု အခြေခံဥပဒေမူကြမ်းမှာတော့ တိုင်းဒေသကြီး(၇)ခုနဲ့ ပြည်နယ်(၇)ပြည်နယ်ကိုပဲ အခြေခံတာပါ။ ၁၉၇၄ ခုနှစ် အခြေခံဥပဒေနဲ့မတူတာက တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်မှာ ကိုယ်ပိုင်လွှတ်တော်၊ အစိုးရနဲ့တရားလွှတ်တော်တွေရှိပြီး အာဏာသုံးရပ်ကို ခွဲဝေပေးထားတာပဲ။ ဒါ့အပြင် ဒို့နိုင်ငံရဲ့ ပကတိအခြေအနေအရ တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ကျော် ရှိနေတာဆိုတော့ လူဦးရေအတန်အသင့်များပြားတဲ့ တိုင်းရင်းသား လူမျိုးစုတွေအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့်ရရှိအောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ဆိုတာတွေလည်း ပြဋ္ဌာန်းပေးထားတယ်။ **ဒါကြောင့် 'ဝ'တိုင်းရင်းသားတွေဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ဖွဲ့စည်းခွင့် ရရှိပြီး နာဂ၊ဓနု၊ပအိုဝ်း၊ပလောင်၊ ကိုးကန့်တိုင်းရင်းသားတွေက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေရခဲ့တယ်။ ဒါ့အပြင် ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးသော်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသသော်လည်းကောင်း မရရှိကြသေးတဲ့ တိုင်းရင်းသားများအနက် သက်ဆိုင်ရာပြည်နယ် (သို့မဟုတ်)တိုင်းဒေသကြီးအတွင်း နေထိုင်တဲ့ လူဦးရေအရေအတွက်ဟာ တစ်နိုင်ငံလုံးလူဦးရေရဲ့ ၀ဒသမ၁ ရာခိုင်နှုန်းထက်ကျော်ရင် အဲဒီ တိုင်းရင်းသားများအတွက် သက်ဆိုင်ရာ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးလွှတ်တော်မှာ မိမိတို့ရဲ့ ကိုယ်စားလှယ် တစ်ဦးကို သီးခြားရွေးချယ် စေလွှတ်ခွင့်ရှိတယ်။ အဲဒီလွှတ်တော်ကိုယ်စားလှယ်ဟာ ပြည်နယ်၊ တိုင်း ဒေသကြီးတွေမှာရှိတဲ့ အစိုးရအဖွဲ့မှာ ဝန်ကြီးအဖြစ် မိမိတိုင်းရင်းသားလူမျိုးအရေးအရာတွေကို ဆောင်ရွက်ခွင့်ရရှိမှာ ဖြစ်ပါတယ်။** ဒါ့အပြင် အဲဒီလိုပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုနယ်မြေတွေမှာမဟုတ်ဘဲ ပြည်ထောင်စုကြီးရဲ့ တခြားတိုင်းနဲ့ ပြည်နယ်တွေမှာ နေထိုင်ပြီး လူဦးရေ အင်အားအသင့်အတင့်ရှိနေကြတဲ့ တိုင်းရင်းသားတွေအတွက်လဲ ဆိုင်ရာပြည်နယ်နဲ့ တိုင်းဒေသကြီး လွှတ်တော်တွေမှာ မိမိတို့ တိုင်းရင်းသားလူမျိုးစုတွေကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ပြီး တက်ရောက်ခွင့်ရှိတယ်။ ဒါကတော့ လူနည်းစုအခွင့်အရေးတွေကို ကာကွယ်ပေးတဲ့သဘောပေါ့။ အဲဒီတော့ 'ဝ'တိုင်းရင်းသားတွေက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဖွဲ့စည်းခွင့်ရပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေကိုတော့ နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်နဲ့ ကိုးကန့်တိုင်းရင်းသားတွေ အတွက် ဖွဲ့စည်းခွင့်ရမှာဖြစ်တယ်။"

"ဒါဆိုရင် (၈)ပြည်နယ်တောင်းဆိုနေတဲ့ပုံစံထက် အခုပုံစံက ပိုပြီး ပြည်ထောင်စု ပိုစစ်တယ်လို့ ဆိုနိုင်တာပေါ့။"

"အမှန်ပဲသူငယ်ချင်း၊ (၈)ပြည်နယ်သမားတွေရဲ့ အခြေခံအစွဲက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းဆိုတဲ့ လူမျိုးကြီး (၈)စုက သက်ဆိုင်ရာနယ်မြေတွေမှာ ကိုယ့်လူမျိုးစုအလိုက် သီးသန့်ခွဲနေကြတယ် လို့ မှတ်ယူထားတာ။ ဒါဟာ တကယ့်မဟာအမှားပဲ။ သူတို့က တိုင်း(၇) တိုင်းဟာ ဗမာတွေပဲ နေကြတာမို့ ဗမာပြည်နယ် သတ်မှတ်ရမယ်လို့ မျက်စိစုံမှိတ်အော်နေကြတာလေ။"

"တကယ်တော့ မင်းပဲစဉ်းစားကြည့်။ ဒို့တိုင်းပြည်မှာ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော် နေရာအနှံ့ ပျံ့နှံ့ပြီးနေထိုင်ကြတာ။ ဧရာဝတီတိုင်းမှာ ကရင်တိုင်းရင်းသားတွေအများကြီးရှိတယ်။ စစ်ကိုင်းတိုင်းမြောက်ပိုင်းမှာ နာဂတိုင်းရင်းသားနဲ့ ရှမ်းတိုင်းရင်းသားတွေရှိတယ်။ ပဲခူးတိုင်းမှာလဲ ကရင် တိုင်းရင်းသားတွေရှိတယ်။ ကချင်ပြည်နယ် ကသာနဲ့ဗန်းမော်ဒေသတွေမှာ ရှမ်းတိုင်းရင်းသားတွေရှိတယ်။ ရှမ်းပြည်နယ် မြောက်ပိုင်းမှာလည်း ကချင်တိုင်းရင်းသားတွေရှိတယ်။ မွန်ပြည်နယ်မှာလည်း ပအိုဝ်းတိုင်းရင်းသားတွေ၊ ကရင်တိုင်းရင်းသားတွေ ရှိနေကြတာပဲ။ မကွေးတိုင်းထဲမှာလဲ မြေပြန့် ချင်းတွေရှိတယ်။

"ဒါက ထင်သာမြင်သာလောက်အောင် အစုအဖွဲ့တွေနဲ့ ရှိနေတဲ့ တိုင်းရင်းသားတွေကိုပြောတာ။ တချို့တိုင်းရင်းသားတွေဆိုရင် ရွာလေးတွေ၊ ရပ်ကွက်တွေအဆင့်လောက်နဲ့ တခြား ပြည်နယ်၊ တိုင်းဒေသတွေမှာ ပျံ့နှံ့ နေထိုင်တာတွေရှိသလို အသက်မွေးဝမ်းကျောင်းအရ နိုင်ငံအနှံ့ အခြေချနေတဲ့ တိုင်းရင်းသားတွေလဲ အများကြီးပဲ။ ခရီးလမ်းပန်းသယ်ယူပို့ဆောင်ရေး တိုးတက်လာတဲ့ ခေတ်ကြီးထဲမှာ အခြေခံဥပဒေအရ ဘယ်နိုင်ငံသားမဆို ရေကြည်ရာမြက်နုရာ ကိုယ်နှစ်သက်တဲ့ နေရာတိုင်းမှာ အခြေချနေထိုင်ခွင့် ရှိတယ်လေ။ ဒါကြောင့် နောက်ဆိုရင် နိုင်ငံအနှံ့ နေရာတိုင်းမှာ တိုင်းရင်းသားမျိုးစုံ ရောက်ရှိအခြေချနေလာကြပြီး တစ်သားတည်း ရောနှောလာကြတော့မှာပဲ။ အဲဒီအခါကျတော့ တိုင်းရင်းသားလူမျိုးစုတစ်စုကို အစွဲပြုပြီး မှည့်ခေါ်ထားတဲ့ ဒေသတွေအားလုံးမှာ တိုင်းရင်းသားမျိုးစုံရှိနေကြတော့မှာမို့ ဒေသအခေါ်တွေဟာ နာမည်ပဲကျန်တော့မှာ။ ဒါကြောင့် (၈)ပြည်နယ် အတွေးအခေါ်ဟာ ဒိတ်အောက်နေပြီလို့ ပြောတာပေါ့။

စည်သူအောင်

"ရှမ်းပြည်နယ်မှာဆိုရင်လဲ ရှမ်းနာမည်သာတပ်ထားတာ၊ ရှမ်းတိုင်းရင်းသားတွေချည်း နေကြတာမဟုတ်ဘူး။ 'ဝ'၊ ပအိုဝ်း၊ ကိုးကန့်၊ ဓနု၊ ပလောင် တိုင်းရင်းသားအပါအဝင် လားဟူ၊ အခါ၊ တောင်ရိုး၊ အင်းသား စတဲ့ တိုင်းရင်းသားတွေ အများကြီးနေထိုင်ကြတာလေ။ ဒီအထဲက တချို့ဆိုရင် ပြည်နယ်သီးခြားရတဲ့ ကယားတိုင်းရင်းသားတွေထက်တောင် လူဦးရေများတဲ့ အုပ်စုတွေရှိတယ်။ သူတို့အတွက်လဲ ထည့်စဉ်းစားပေးမှ တရားမျှတမှာပေါ့။"

"ဒါကြောင့် လက်ရှိအနေအထားအရ အစုလိုက်ရှိနေတဲ့ တိုင်းရင်းသားတွေအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေ ကျေနပ်လောက်အောင်ရရှိဖို့ ပြည်နယ်(၇)ခုဆက်ပြီးထားတဲ့အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုနယ်မြေတွေကိုလဲ သတ်မှတ်ပေးလိုက်တာ။ ဘာလို့လဲဆိုတော့ ပကတိအခြေအနေအရ ဥပဒေဘောင်အတွင်းဝင်ရောက်လာတဲ့ အဖွဲ့(၁၇)ဖွဲ့ စလုံးက တိုင်းရင်းသားအဖွဲ့အစည်းတွေလေ။ သူတို့က ကိုယ်ပိုင်အုပ်ချုပ်ခွင့်စတဲ့ အခွင့်အရေးတွေအတွက် လက်နက်စွဲကိုင်ပြီး တိုက်လာခဲ့ကြတာ နှစ်ပေါင်းလေးဆယ်ငါးဆယ်လောက်အထိ ဒို့နိုင်ငံမှာ တိုင်းရင်းသားချင်းတိုက်ပြီး အကျိုးမဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ပျက်စီးဆုံးရှုံးခဲ့တာ များလှပြီ။ အခု သူတို့က နိုင်ငံတော်ရဲ့ စစ်မှန်တဲ့ စေတနာကို သဘောပေါက် နားလည်ပြီး ငြိမ်းချမ်းရေး ရယူလာပြီဆိုတော့ နိုင်ငံတော်ကလဲ သူတို့ဆန္ဒကို ရသင့်ရထိုက်သလောက် ပြန်ဖြည့်ပေးပြီး ညီနောင်အချင်းချင်း အပြန်အလှန်ယုံကြည်မှုနဲ့ ချစ်ကြည်စည်းလုံးမှုကို တည်ဆောက်ပေးရမှာပဲ။ ဒါမှ နိုင်ငံတစ်ဝန်းလုံး အေးချမ်းသာယာမှုရှိလာပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေ အရှိန်မြှင့် လုပ်နိုင်မှာပေါ့။"

"အေးကွ၊ ငါစဉ်းစားမိတာတစ်ခုကတော့ နိုင်ငံတကာမှာ ပြည်ထောင်စုနိုင်ငံလို့ဆိုကြတဲ့ နိုင်ငံတွေကိုကြည့်ရင် တိုင်းရင်းသားလူမျိုး နာမည်တွေနဲ့ ပြည်နယ်တွေကိုမှည့်ခေါ်တာ နည်းပါတယ်ကွာ။ ပြည်ထောင်စု စစ်စစ်လို့ဆိုတဲ့ အမေရိကန်နိုင်ငံမှာ အင်္ဂလိုဆက်ဆွန်တွေ၊ ဥရောပ လူဖြူတွေ၊ ဟွာတိုရီကန်တွေ၊ လူမည်းအာဖရိကန်တွေ၊ အာရှတိုက်သားတွေ ရောပြွမ်း နေကြပေမယ့် သူ့ပြည်နယ် ၅၀မှာ လူဖြူပြည်နယ်၊ အာဖရိကန်ပြည်နယ်၊ ဟွာတိုရီကန်ပြည်နယ်တွေလို့ ခွဲထားတာမတွေ့ပါဘူး။ တက္ကဆက်တို့၊ ဖလော်ရီဒါတို့ ကယ်လီဖိုးနီးယားတို့ ဆိုတာတွေပဲ ကြားမိပါတယ်။

"အိန္ဒိယနိုင်ငံမှာဆိုလဲ လူမျိုးစုပေါင်းရာနဲ့ချီရှိတာပါပဲ။ ဒါပေမယ့် သူတို့ပြည်နယ်တွေကြည့်လိုက်ရင် ဥတ္တရာပရာဒက်ရှ်တို့၊ ဩရိသတို့၊ ရာဂျာစတန်တို့၊ ဘီဟာတို့လို အရပ်ဒေသကို အစွဲပြုပြီး ခေါ်ကြတာများပါတယ်။ ဥတ္တရာပရာဒက်ရှ်ဆိုတာ ဥတ္တရပရဒေသမြောက်ဘက် အပြင်ပိုင်းဒေသပေါ့။ ရာဂျာစတန်ဆိုတာ ရာဇဌာနီမင်းနေပြည်ပေါ့။ ဘီဟာ ဆိုတာ ဝိဟာရတိုင်း ဗုဒ္ဓဘုရားရှင် သီတင်းသုံးရာဒေသပေါ့။ ကိုယ်ပိုင် ပြည်နယ်တောင်းဆိုတဲ့ လူမျိုးစုတွေအစွဲပြုပြီး နောက်ပိုင်းကျမှ သတ်မှတ်ပေးတဲ့ မီဇိုရမ်တို့၊ နာဂလင်းတို့၊ ဘိုဒိုလင်းတို့လို အရှေ့မြောက်အစွန်အဖျား ဒေသက ပြည်နယ်တချို့လဲရှိတော့ရှိပါတယ်။ ဒါပေမယ့် အဲဒီပြည်နယ်တွေကြည့်လိုက်ရင် လူမျိုးစုခွဲထွက်ရေး သောင်းကျန်းသူတွေကြောင့် လုံခြုံရေးအရ မတည်မငြိမ်ဖြစ်နေတာ တွေ့ရလိမ့်မယ်။"

"ဒါတွေဟာ သတိထားစရာပေါ့ကွာ။ ဥပဒေပညာရှင် ဒေါက်တာ မောင်မောင်က သူ့ရဲ့ 'တို့ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ' စာအုပ်မှာရေးခဲ့သလိုပဲ "ပြည်ထောင်စုစိတ်ကိုသာမွေးပါ။ပြည်နယ်ခွဲခြားခြင်းသည် အကျိုးမရှိ။ လူမျိုးရေးထက် အမျိုးသားစိတ်ကို အဓိကထားပါ။ ရှမ်း၊ ကချင်၊ ချင်း၊ ကရင်၊ ကယား၊ မွန်၊ ရခိုင်၊ ဗမာအားလုံးသည် ပြည်ထောင်စုသားများသာဖြစ်သည်"ဆိုတဲ့ တိုက်တွန်းချက်ဟာ အခုအချိန်ထိ အလေးထားရမယ့် အချက်ပဲ။

"တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်းက တခြား၊ ကချင်၊ ချင်း အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ် ဆိုတာ ဟိုးတုန်းကတည်းက ဒို့လူကြီးတွေ ပြောခဲ့ကြတာပဲလေ။"

"အခုဖွဲ့စည်းပုံမှာ တိုင်းရင်းသားလူမျိုးစု အကြီးအငယ်တွေအတွက် ပြည်နယ်တွေရော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတွေပါ သတ်မှတ်ပေးပြီး ကိုယ်ပိုင်ဥပဒေပြုခွင့်အာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှု အာဏာတွေ ပေးအပ်ထားတာဟာ တကယ်တော့ နိုင်ငံတော်က တိုင်းရင်းသားတွေအပေါ် စေတနာအစစ်အမှန်နဲ့ ဘယ်အခြေခံဥပဒေမှာမှ မရဘူးတဲ့ ဒီမိုကရေစီ အခွင့်အရေးတွေ ပေးထားတာပါ။ ဒါကိုလဲ တိုင်းရင်းသားလူမျိုးစုတွေ အားလုံးက နားလည်ပြီး အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝနဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်ရာမှာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပါဝင်ကြလိမ့်မယ်လို့ မျှော်လင့်မိပါတယ်ကွာ။" ။

> "တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်းက တခြား၊ ကချင်၊ ချင်း အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်ဆိုတာ ဟိုးတုန်းကတည်းက ဒို့လူကြီးတွေ ပြောခဲ့ကြတာပဲလေ။"

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌွေးဦးနှင့် ဇနီး ဒေါ်နီနီဝင်းတို့က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မိသားစု၏(၁၆)ကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မိသားစု စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာကျင်းပ

နေပြည်တော် မတ် ၃၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌွေးဦးနှင့် ဇနီးဒေါ်နီနီဝင်းတို့အား အမှူးထား၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မိသားစု၏ (၁၆)ကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော် မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီခွဲက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ပျဉ်းမနား သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာလယ်တီစံ ကျောင်းတိုက် ပဓာန နာယက ဘဒ္ဒန္တ ကုဏ္ဍာဝုဓထံမှ ဝန်ကြီး ဗိုလ်ချုပ်ဌွေးဦး၊ ဇနီး ဒေါ်နီနီဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်

ဆက်လက်၍ ဝန်ကြီး၊ ဇနီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် နေပြည်တော် ပျဉ်းမနား ပါဠိတက္ကသိုလ် ကျောင်းတိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တ ဝိမလာဗုဒ္ဓိထံမှ ရေစက်ချတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန မိသားစု၏ (၁၆)ကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနားတွင် ရဟန်းလောင်းအပါး ၆၀ နှင့် ရှင်သာမဏေလောင်း ခုနစ်ပါးတို့အား ဥပသမ္ပဒကံဆောင် ရဟန်းနှင့်ပဗ္ဗဇ္ဇ အမွေ ရှင်သာမဏေများအဖြစ် သွတ်သွင်း ချီးမြှင့်ကြပြီး နံနက်ပိုင်းတွင် မဟာလယ်တီစံ ကျောင်းတိုက်၌ ကျင်းပသည့် အလှူတော်မင်္ဂလာအခမ်းအနား၌ ဝန်ကြီး ဗိုလ်ချုပ်ဌွေးဦး၊ ဇနီး ဒေါ်နီနီဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုများက သိမ်ဆင်း လောင်း လှူကြသည်။ **(သတင်းစဉ်)**

တောင်သာမြို့နယ်နှင့် မြို့သစ်မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

နေပြည်တော် မတ် ၃၁

(၂၄)ကြိမ်မြောက် တောင်သာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ ရွှေတိဂုံဘုရားရှေ့ဘက်မုခ်ရှိ စက်မှုဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာအသင်းဥက္ကဋ္ဌဒေါက်တာ ခင်မောင်ဆွေနှင့် အသင်းနာယက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့က အမှာစကား ပြောကြားသည်။

ဂုဏ်ပြုဆု

ယင်းနောက်၂၀၀၇ခုနှစ်တက္ကသိုလ် ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသောခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးတို့အား အသင်းနာယက ဝန်ကြီး ဦးအောင်သောင်း၊ ဇနီးဒေါ်ခင်ခင်ရီ မိသားစုနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

လှူဒါန်း

ဆက်လက်၍ အလှူရှင် ၃၇ဦးက စုစုပေါင်းငွေကျပ် ၁၈၅၆၀၀၀ကို ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် တောင်သာမြို့နယ်အသင်း (ရန်ကုန်) အတွင်းရေးမှူး ဦးသန်းအောင်က အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားတင်သွင်း၍ အစည်းအဝေး၏ အတည်ပြုချက်ရယူကြသည်။ ယင်းနောက် အသင်းဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အလားတူ စတုတ္ထအကြိမ် မြို့သစ်မြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့သစ်မြို့နယ် အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ကြည်ဝင်း (ငြိမ်း)နှင့် ဂုဏ်ထူးဆောင် နာယက အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့က အမှာစကား ပြောကြားကြသည်။

တောင်သာမြို့နယ်အသင်းနာယက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း (၂၄)ကြိမ်မြောက် တောင်သာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် အမှာစကားပြောကြားစဉ်။ (စက်မှု-၁)

အတည်ပြုချက်

ဆက်လက်၍၂၀၀၇ခုနှစ်တက္ကသိုလ် ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသော လေးဘာသာဂုဏ်ထူးရှင် တစ်ဦး နှင့် တစ်ဘာသာ ဂုဏ်ထူးရှင် တစ်ဦးတို့အား ဂုဏ်ထူးဆောင် နာယက ဝန်ကြီး ဦးအောင်သောင်းနှင့် အလှူရှင်များက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် အသင်းအတွင်းရေးမှူး ဦးခင်မောင်မြင့်က အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင် ခံစာများကို တင်ပြပြီး အစည်းအဝေး၏ အတည်ပြုချက် ရယူကြသည်။

အမှာစကား

ယင်းနောက် အသင်းဥက္ကဋ္ဌကနိဂုံးချုပ် အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ် ၁၈ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၄၂ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် နွေရာသီယဉ်ကျေးမှုနှင့် စာရိတ္တသင်တန်းဆင်းပွဲတွင် တတိယဆုရ အမက(၂၂)မှ မောင်ထက်အောင်လှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌွေးဌွေးက ဆုချီးမြှင့်စဉ်။ (က-ပ)

မော်လမြိုင်အသင်း (ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၃၁

မော်လမြိုင်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ အသက် ၈၀ နှင့် အထက် အသင်းဝင် ဘိုးဘွားများ ပူဇော်ပွဲ၊ အသင်းဝင် မိဘ များ၏ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်း တွင် ဂုဏ်ထူးဖြင့်အောင်မြင်သော သား သမီးများနှင့် နိုင်ငံတော်က ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့ရ အသင်းသား အသင်းသူ များအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဧပြီ ၆ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရွှေတိဂုံ စေတီတော် အနောက်ဘက်မုခ် အောက် ပစ္စယာရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

လှူဒါန်း

ကန်တော့ခံ သက်ပြည့်ဘိုးဘွားများ၊ အသင်းဝင်မိဘများ၏ ဂုဏ်ထူးရသားသမီး များနှင့် ပညာသင်ထောက်ပံ့ကြေးဆုအတွက် ပညာရေး ငွေပဒေသာပင် စိုက်ထူလှူဒါန်း လိုသူများသည် ဖော်ပြပါပုဂ္ဂိုလ်များသို့ မတ် ၂၅ရက် နောက်ဆုံးထားပြီး ဆက်သွယ်ကြရမည် ဖြစ်သည်။

ဆက်သွယ်ရန်

အသင်းနှင့် အကြောင်းကြောင်းကြောင့် ကင်းကွာနေသည့်အသင်းသား အသင်းသူ များသည် အသင်းရုံးအဖွဲ့မှူးထံ အမြန် ပြန်လည်ဆက်သွယ်ကြရန်နှင့် ဥက္ကဋ္ဌ ဦးရွှေဘော် ဖုန်း-၅၄၁၇၅၅၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်သန်း ဖုန်း-၅၅၇၂၇၈၊ ဒုတိယ ဥက္ကဋ္ဌ (အတွင်းရေးမှူး) ဦးမောင်မောင်ဝင်း ဖုန်း-၃၈၅၉၅၆၊ ဘဏ္ဍာရေးမှူး ဦးကျော်မင်း ဖုန်း-၂၉၃၆၈၃၊ စည်းရုံးရေးမှူး ဒေါ်ခင်နွယ် ဖုန်း-၆၅၀၀၉၁ နှင့် အသင်းရုံးအဖွဲ့မှူး ဦးလှရွှေ ဖုန်း-၂၅၆၁၅၇ တို့သို့ ဆက်သွယ် နိုင်ကြောင်း သိရသည်။ **(က-ပ)**

ပျော်ဘွယ် သန်လျင်တောရ ၁၀ ရက်တရားစခန်း

ရန်ကုန် မတ် ၃၁

မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ယင်းတော်မြို့မကျေးရွာ သန်လျင်တောရ မင်းကျောင်း သာသနာ့ရိပ်သာ၌ ဧပြီ ၁၂ ရက်မှ ၂၁ရက် အထိ သန်လျင်တောရ ဥပ နိဿယ (၁၀) ရက် တရားစခန်းနှင့် စုပေါင်းရဟန်းခံ ရှင်ပြု၊ သီလရှင်ဝတ်ပွဲကို ပဓာနနာယက ဆရာတော် ဦးနိပုဏနှင့် တိုက်အုပ်ဆရာတော် (ဘီအေ)မွေ့စရိယ ဦးကဝိဓဇတို့က ဦးစီးကျင်းပမည်ဖြစ်ရာ ဖုန်း-၀၆၄-၂၄၁၉၆၊ ၀၉-၂၂-၀၀၂၉၆ တို့သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

(၆၃)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု သန်လျင်မြို့နယ် ကျေးလက်မြေသားလမ်းဖွင့်

သန်လျင် မတ် ၃၁

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ကရင်ဆိပ်-ချောင်းစောက် ကျေးလက်မြေသားလမ်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ ရက်က ကျင်းပရာ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးအေးမြင့်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူ များနှင့် ကျေးရွာနေပြည်သူများတက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်း၊ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်မင်းတို့က ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(အောက်ပုံ) (မြို့နယ်စည်ပင်)**

စာနာစိတ်အပြည့်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးအောင်ဆောင်ရွက်

နေပြည်တော် မတ် ၃၁

ကျန်းမာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၁/၂၀၀၈)ကို ယမန်နေ့ နံနက် ၈ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ၊ ပြည်နယ်နှင့် တိုင်းကျန်းမာရေးဦးစီးဌာနမှူးများ၊ ပြည်နယ်နှင့်တိုင်း ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မှာကြား

ရှေးဦးစွာ သဘာပတိကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စား တာဝန်ယူဆောင်ရွက်ရသူများ အနေဖြင့် မိမိတာဝန်ကျရာဒေသ၊ နေရာနှင့် ဆေးရုံများ တိုးတက်ကောင်းမွန်အောင် အထူးဂရုပြုဆောင်ရွက်ရန်လိုကြောင်း၊ အဂတိလိုက်စားမှုကင်းရှင်းသူများအဖြစ် တာဝန်ထမ်းဆောင်ကြရန်ဖြစ်ကြောင်း၊ ပြည်သူများအပေါ် စာနာစိတ်အပြည့်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ကြိုးပမ်း

ထို့နောက်ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုးက နိုင်ငံတကာအဆင့်မီ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေမူကြမ်းအား အတည်ပြုရန် ပြည်သူ့ဆန္ဒခံယူပွဲတွင် ဝန်ကြီးဌာန၏ ပါဝင် ဆောင်ရွက်မည့် ကဏ္ဍနှင့် ဦးစီးဌာနအလိုက်၊ ဆေးရုံကြီးများအလိုက် လက်ရှိဆောင်ရွက်ချက်များကို ရှင်းလင်း တင်ပြကြသည်။

ရုပ်သိမ်း

ယင်းနောက် သဘာပတိ ဝန်ကြီးဒေါက်တာကျော်မြင့်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂိုးလ်ဒင်းပါဝါ ဂျီပီအမှတ်တံဆိပ် မိတ်ဆုံစားပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၃၁

တစ်ဦးတည်းပိုင်ဘဂျမ်းနှင့် ညီအစ်ကိုများကုမ္ပဏီလီမိတက်က ၁၉၇၇ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးအတွက် တစ်ဦးတည်း ကိုယ်စားလှယ်ရယူပြီး ကိုယ်တိုင် တရားဝင်တင်သွင်း ဖြန့်ဖြူးရောင်းချလျက်ရှိသော GP PISTONS နှင့် RBI RUBBER PRODUCTS Parts မော်တော်ကားအပိုပစ္စည်းများ မြန်မာနိုင်ငံ၌ တင်သွင်းခြင်း (၁၀)နှစ်ပြည့်အထိမ်းအမှတ် မိတ်ဆုံစားပွဲနှင့် U.A.E နိုင်ငံထုတ် Golden Power GP Lubricants ဂျီပီအမှတ်တံဆိပ် စက်ဆီ၊ ချောဆီနှင့် အင်ဂျင်ဝိုင်များ တင်သွင်းဖြန့်ဖြူးခြင်း ဒုတိယအကြိမ် နှစ်ပတ်လည်မိတ်ဆုံစားပွဲနှင့် ဆုချီးမြှင့်ပွဲကို မတ် ၂၉ရက် ညနေ၆နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

နှုတ်ခွန်းဆက်

ရှေးဦးစွာ ဘဂျမ်းနှင့် ညီအစ်ကိုများ ကုမ္ပဏီ လီမိတက်မှ မန်နေဂျင်း ဒါရိုက်တာ ဦးအေးဝင်း(ခ) ဦးဘဂျမ်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် German Mirror Lubricants and Greases မှ မန်နေဂျင်း ဒါရိုက်တာMr. Mohammed Hussein နှင့် RBI Rubber Parts မှ President Mr. Wanla Pa Saelo က မော်တော်ကားအပို ပစ္စည်းများနှင့် Golden Power (GP) အမှတ်တံဆိပ် စက်ဆီ၊ ချောဆီ၊ အင်ဂျင်ဝိုင်များ ထုတ်လုပ်မှု နည်းပညာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆုများချီးမြှင့်

ဆက်လက်၍Charn Kolar Kan Co.,Ltd မှ မန်နေဂျင်း ဒါရိုက်တာ Mr. Charn Purachagrid က မိတ်ဆက်စကားကို လည်းကောင်း၊ မန်နေဂျင်း

ဘဂျမ်းနှင့် ညီအစ်ကိုများ ကုမ္ပဏီလီမိတက်မှ မန်နေဂျင်း ဒါရိုက်တာ ဦးအေးဝင်း(ခ)ဦးဘဂျမ်း နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

ဒါရိုက်တာ ဦးအေးဝင်း (ခ) ဦးဘဂျမ်း၏ သမီး မအေးမြရတနာက ကျေးဇူးတင်စကားကိုလည်းကောင်း အသီးသီး ပြောကြားကြပြီး တစ်နှစ်တာအတွင်း ရောင်းအားအကောင်းဆုံး ဆိုင်များအား ဆုများ ချီးမြှင့်သည်။

ဘဂျမ်းနှင့်ညီအစ်ကိုများ ကုမ္ပဏီ လီမိတက်မှ တင်သွင်းသော RBI Rubber Parts နှင့် G.P Pistons များသည် နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီသော မော်တော်ကား အပိုပစ္စည်းများဖြစ်ပြီး အာရပ်စော်ဘွားများ နိုင်ငံ UAE က တင်သွင်းခြင်း ဖြစ်သည်။ Golden Power အင်ဂျင်ဝိုင်စက်ဆီ၊ ချောဆီများကို ဂျာမန်နည်းပညာများဖြင့် ထုတ်လုပ်ထားပြီး အင်ဂျင် သက်တမ်းရှည်ကြာစွာ အသုံးပြုနိုင်ရန် ရည်ရွယ်တင်သွင်းခြင်း ဖြစ်သည်။

G.Pအမှတ်တံဆိပ်များကို ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဘဂျမ်းနှင့်ညီအစ်ကိုများ ကုမ္ပဏီလီမိတက်ရုံ(က) ၃၄ဆိုင်အမှတ်(၁) ဘုရင့်နောင်ဈေး မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၈၂၈၇၂၊ ၆၈၁၆၃၂ မှ ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မတ် ၂၆ရက်က ဒဂုံမြို့နယ် ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မရမ်းကုန်းရဲစခန်း(ပ)၁၀၉/၀၈၊ ပြစ်မှုပုဒ်မ ၃၉၄ အမှုမှ သိမ်းဆည်းရမိခဲ့သည့် သက်သေခံပစ္စည်း အမေရိကန်ဒေါ်လာ ၄၀၇၈နှင့် မြန်မာငွေကျပ် ၆၂၆၇၀၀ အား မရမ်းကုန်းမြို့နယ်(၈)ရပ်ကွက် ကန်ရိပ်သာလမ်း မ/၁၆ရှိ AIDSကုသရေးရုံးမှ ပြင်သစ်နိုင်ငံသူ Ms Mirjam Koppe သို့ လည်းကောင်း၊ ပန်းဘဲတန်း ရဲစခန်း (ပ)၆ဂ/၀၈၊ ပြစ်မှုပုဒ်မ-၃၈၀ အမှုမှ သက်သေခံငွေ ကျပ်သိန်း ၅၀၀တန်ဖိုးရှိ စိန်ရွှေရတနာပစ္စည်းများအား ပန်းဘဲတန်းမြို့နယ် ၆ရပ်ကွက် ရွှေဘုံသာလမ်း မ/၆၂၊ ၆၈နေ တရားလို ဒေါ်စိုးစိုးသန်းသို့ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ခိုင်က ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မီးလောင်မှု သတင်းများ

မန္တလေး၌ မီးစက်နှိုးရာမီးလောင်မှု ဖြစ်ပွား

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက် ၃၆×၃၇ လမ်းကြား၊ ၈၁×၈၂လမ်းကြားရှိ နတ်ဝင်းရပ်နေ ဦးသိန်းအောင်(ဘ) ဦးအောင်ကြည်နေအိမ်၌ မတ်၂၉ရက် ည၈နာရီခွဲခန့်ကမီးစက်နှိုးရာမှ ဒိုင်နမိုရှော့ဖြစ်ပြီး အပူလွန်ကဲကာ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးသတ်ယာဉ်များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည၉နာရီ၌ မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် အိမ်ခြေ ၁၉လုံး ဆုံးရှုံးခဲ့သည်။

ပခုက္ကူ၌ မော်တော်ယာဉ်မှ ဆီထုတ်ယူစဉ် မီးလောင်မှုဖြစ်ပွား

ပခုက္ကူမြို့ အမှတ်(၄)ရပ်ကွက် မတ်တစ်ထောင်လမ်းနေ ဦးအောင်စိုး အသက်(၇၀)(ဘ)ဦးဘရွှေ၏ နေအိမ်တွင် မတ် ၂၉ရက် ညနေ၄နာရီ၂၅မိနစ်ခန့်က ဂျစ်ကား ယာဉ်အမှတ် ဆ/၈၃၉၈ ဆီတိုင်ကီမှ ဆီထုတ်ယူစဉ် မီးစတင်လောင်ကျွမ်းခဲ့ရာ ပတ်ဝန်းကျင်ရှိ အိမ်ခြေ ၁၅လုံး ကူးစက်လောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်များဖြင့် ငြိမ်းသတ်ခဲ့သဖြင့် ညနေ ၅ နာရီတွင် မီးညွန့်ကျိုးပြီး ၆နာရီတွင် မီးငြိမ်းသွားသည်။ မီးလောင်မှုကြောင့် လူ၊ တိရစ္ဆာန်ထိခိုက်သေဆုံးမှုမရှိဘဲ မီးလောင်မှုနှင့် ပတ်သက်၍ ပခုက္ကူရဲစခန်းမှ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

အာဂုံဆောင် နိကာယ်သင်တန်းဖွင့်မည်

ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင်ကျမ်းများနှင့် နိကာယ်အဖွင့်ကျမ်းများ ကျမ်းပြုဆရာတော်အရှင်စန္ဒောဘာ(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)သည် ဝိနယပိဋကတ်ကို အဓိကထားပို့ချမည့် ဒုတိယအကြိမ်မြောက် အာဂုံဆောင်နိကာယ်သင်တန်းကို ဧပြီ ၂၂ရက်မှ စတင် ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုကြသော ရဟန်း၊ သာမဏေ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များသည် ဖုန်း-၃၈၀၈၇၅၊ ၃၈၃၄၂၇၊ ၀၉-၅၃၅၁၈၄၄ တို့သို့ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အစိုးရနိကာယ်စာမေးပွဲ ဖြေဆိုခွင့်ပုံစံများ ကြိုတင်လျှောက်ထားကြရန် လိုအပ်ကြောင်း သိရသည်။ အာဂုံဆောင်နိကာယ်သင်တန်း တက်ရောက်ကြသော သံဃာတော်အပါး ၁၀၀ကျော်တို့အား နေ့စဉ်ဆွမ်းနှင့် ကျမ်းစာအုပ်လှူဒါန်းလိုသူများ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကြည်အေးဓမ္မရိပ်သာ သကြၤန်တွင်းတရားစခန်းပွဲ

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် လက်ပံတန်းစုကျေးရွာ ကြည်အေးကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဇာဂရ (သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ) ကိုယ်တိုင် ဦးစီး၍ ဧပြီ ၁၁ရက်မှ ၂၀ရက်အထိ ၁၀ရက်တိုင်တိုင် သကြၤန်တွင်း တရားစခန်းပွဲ ဖွင့်လှစ်မည်ဖြစ်သည်။ တရားအားထုတ်လိုသော ယောဂီများသည် ကြည်အေးဓမ္မရိပ်သာ သာသနနုဂ္ဂဟအဖွဲ့ ဖုန်း-၇၀၅၇၈၀၊၀၉-၅၀-၁၁၅၁၄ နှင့် ၀၉-၅၁-၀၅၀၅၉ တို့သို့ ဆက်သွယ်နိုင်သည်။ (က-ပ)

တောင်ကြီးစက်မှုအထက်တန်းကျောင်း အာစရိယပူဇော်ပွဲ

တောင်ကြီးမြို့ စက်မှုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၂ရက်တွင် တောင်ကြီးမြို့ ကုန်းသာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံမည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများသည် ဆရာဦးကျော်ချွန် (အငြိမ်းစား) ဖုန်း-၀၈၁-၂၂၉၉၆၊ ဆရာဦးသောင်းထွန်း (အငြိမ်းစား) ဖုန်း-၀၁-၇၂၂၅၇၁နှင့် ဆရာဦးစိန်မောင် (အငြိမ်းစား) ဖုန်း-၀၁-၇၀၀၁၉၈တို့သို့ ဆက်သွယ်နိုင်ပြီး အလှူငွေထည့်ဝင်လိုသူများသည် ဦးစိုးညွန့် ဖုန်း-၀၈၁-၂၁၆၅၇၊ ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၂-၁၃၂၇၆၊ ဦးတင်အောင် ဖုန်း-၀၉-၅၂၁၁၁၄၆၊ ဦးလှသိန်း ဖုန်း-၀၉-၅၁၉၂၉၇၅၊ ဦးညိုမင်းဒင် ဖုန်း-၀၁-၂၂၀၃၄၁၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၀၉-၅၁၈၈၄၂၈၊ ဦးချစ်ထွန်း ဖုန်း-၀၉-၅၀-၁၉၇၇၁၊ ဦးအေးဝင်း ဖုန်း-၀၂-၃၁၄၅၄၊ ဦးအောင်မြင့်သိန်း ဖုန်း-၀၆၂-၂၁၉၃၉၊ ဦးစိုးမြင့် ဖုန်း-၀၉-၅၁၃၁၂၁၆ နှင့် ဦးသိန်းလွင် ဖုန်း-၀၉-၅၁၁၉၄၆၉တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေး

မကွေးတိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းနှင့် သရက်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြိုင်တို့သည် မတ်၄ရက်က မင်းတုန်းမြို့နယ် ကျောက်ကြီးကျေးရွာ အလယ်ချောင်းကျေးရွာ၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအား ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဝန်ကြီး၏ လမ်းညွှန်ချက်လုပ်ငန်းစဉ် ငါးရပ်ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေး မှာကြားခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်ပညာ ဆင့်ပွား သင်တန်းဖွင့်

ရွှေဘိုမြို့ ညောင်ပင်သာကျေးရွာတွင် ဖေဖော်ဝါရီ ၁၈ရက်က စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းကို ဖွင့်လှစ်ပို့ချသည်။

အဆိုပါသင်တန်းတွင် ရွှေဘိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်နန္ဒဝင်း၊ ရုပ်/သံ ကျွမ်းကျင်(၃) ဦးကိုကိုအေးနှင့် ရုပ်/သံ ကျွမ်းကျင်(၃)ဒေါ်ခိုင်ဇင်တို့က စာကြည့်တိုက်ပညာနှင့် သက်ဆိုင်သောဘာသာရပ်များကို သင်ကြားပို့ချကြသည်။ ယင်းသင်တန်းသို့ ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ သင်တန်းသား ၂၂ဦး တက်ရောက်ခဲ့ကြသည်။ *(ခရိုင် ပြန်/ဆက်)*

မူကြိုကျောင်းပေါင်းစုံ ဉာဏစွမ်းရည်ပြိုင်

ချင်းပြည်နယ် ဖလမ်းခရိုင် မိခင်နှင့်ကလေးကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ကြီးမှူးကျင်းပသော ဖလမ်းမြို့နယ် မူကြိုကျောင်းပေါင်းစုံ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်နံနက် ၁၀နာရီက ဖလမ်းမြို့ သဇင်ဆောင်၌ ကျင်းပသည်။ **(ခရိုင် ပြန်/ဆက်)**

ကောလင်း၌ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဖွင့်

ကောလင်းမြို့နယ် တောင်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်တွင် မတ် ၇ရက်က ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲ ကျင်းပရာ ကျောင်းထိုင် ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တကိတ္တိဝံသ အမှူးပြုသော သံဃာတော်များ သင်တန်းနည်းပြဆရာဦးထွန်းပန်နှင့် ကျေးရွာကောင်စီဝင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြသည်။ *(၀၃၂)*

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

မောင်မောင်မြင့်ဆွေနှင့် မြင့်မောင်စိုးတို့ စုစည်းသည်

လမ်းပတ်နှင့်ပီတာချက်တို့ ဒဏ်ရာရနေသဖြင့် ဖီနာဘာချီနှင့်ပွဲ၌ ပါဝင်ရန် မသေချာ

လန်ဒန် မတ် ၃၁

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် ဖီနာဘာချီနှင့်ကစားရမည့်ပွဲ၌ လမ်းပတ်နှင့်ပီတာချက်တို့ ဒဏ်ရာကြောင့်ပါဝင်ကစားရန် မသေချာကြောင်း ချယ်လ်ဆီးကလပ်က သတင်းထုတ်ပြန်သည်။

ချယ်လ်ဆီးအသင်းသည် မတ် ၃၀ရက်က ပရီမီယာလိဂ်ပွဲစဉ်(၃၂) အဖြစ် ကစားသည့် မစ်ဒယ်ဘရော့နှင့်ပွဲတွင် ကွင်းလယ်ကစားသမား ဖရန့်များ သက်သာမှု မရှိပါက ဖီနာဘာချီနှင့်ပွဲတွင် ပါဝင်ကစားစေမည် မဟုတ်ကြောင်း ချယ်လ်ဆီးကလပ်က ပြောကြားသည်။

လမ်းပတ် ခြေထောက်ဒဏ်ရာကြောင့် ပါဝင်ကစားနိုင်ခြင်း မရှိချေ။

ထို့အတူ ချယ်လ်ဆီးအသင်း၏ ပထမဦးစားပေး ဂိုးသမား ပီတာချက်လည်း ခြေချင်းဝတ် ဒဏ်ရာကြောင့် ပါဝင်ကစားနိုင်ခြင်း မရှိခဲ့ရာ ဒဏ်ရာ

သို့သော်လည်း ချယ်လ်ဆီး နည်းပြဂရန့်က လမ်းပတ်နှင့်ပီတာချက်တို့ကို ကစားသမားစာရင်း၌ ထည့်သွင်းထားပြီး အခြေအနေကို စောင့်ကြည့်နေကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ချန်ပီယံလိဂ် မျှော်လင့်ချက်ရှိနေဆဲဖြစ် အဲဗာတန်နည်းပြ မိုယက်စ်ပြောကြား

လန်ဒန် မတ် ၃၁

ပရီမီယာလိဂ် ပွဲစဉ်(၃၂)တွင် အန်းဖီးလ်ကွင်း၌ လီဗာပူးကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့ရသော အဲဗာတန်နည်းပြဒေးဗစ်မိုယက်စ်က လီဗာပူးကို ရှုံးနိမ့်ခဲ့ရခြင်းကြောင့် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့် ရည်မှန်းချက် ထိခိုက်စေခဲ့ကြောင်း ပြောကြားလိုက်သည်။

သို့သော်လည်း မိမိအနေဖြင့် အဲဗာတန်အသင်းအား လာမည့်နှစ် ချန်ပီယံလိဂ်ပွဲ ဆင်နွှဲခွင့်ရရန် ကြိုးစားဆောင်ကြဉ်းပေးသွားမည်ဖြစ်ကြောင်း၊ ကျန်သည့် ပရီမီယာလိဂ် ပွဲစဉ်ခြောက်ပွဲကို အလေးအနက်ထား ပြင်ဆင်ကစားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဲဗာတန်အသင်း ကစားသမားများအနေဖြင့်လည်း လာမည့်နှစ် ချန်ပီယံလိဂ်ပွဲနွှဲရန် စိတ်အားထက်သန်လျက်ရှိကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ (အင်တာနက်)

မန်ယူနှင့်ချန်ပီယံလိဂ်ပွဲ တော့တီပါဝင်ရန်မသေချာ

ရောမ မတ် ၃၁

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ ပွဲစဉ်အဖြစ် ရိုးမားကွင်း၌ ကစားရမည့် မန်ယူနှင့်ပွဲတွင် ခြေထောက်ဒဏ်ရာ ရရှိထားသဖြင့် ပါဝင်ကစားရန် မသေချာကြောင်း ရိုးမားတိုက်စစ်မှူးတော့တီက ပြောကြားလိုက်သည်။ **(အပေါ်ပုံ)**

မိမိအနေဖြင့် ဝဲဘက်ခြေထောက်ကြွက်သား နာကျင်မှုခံစားနေရကြောင်း၊ သို့သော် မန်ယူကဲ့သို့ ပြိုင်ဘက်နှင့် မိမိရင်ဆိုင်ကစားချင်ကြောင်း၊ မိမိအား အခွင့်အရေးပေးပါက ပါဝင်ကစားမည်ဖြစ်ကြောင်း ရိုးမားတိုက်စစ်မှူး တော့တီက ပြောကြားသည်။

စီးရီးအေပွဲစဉ်(၃၁)အဖြစ် ကက်ဂရီယာရီနှင့် မတ်၃၀ရက်က ကစားသောပွဲ၌ ခြေသလုံးကြွက်သား နာကျင်မှုဒဏ်ကို တော့တီခံစားခဲ့ရခြင်း ဖြစ်သည်။

ရိုးမားနည်းပြ စပယ်လက်တီကမူ တိုက်စစ်မှူး တော့တီအား ပါဝင်ကစားခိုင်းမည်ဖြစ်ကြောင်း၊ယခုပွဲသည် အရေးကြီးသောပွဲဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

(အင်တာနက်)

အိုလံပစ်မီးရှူးတိုင် အေသင်မြို့မှ စတင်သယ်ဆောင်လာ ဖွင့်ပွဲမတိုင်မီ နိုင်ငံပေါင်း၂၀ကို ဖြတ်သန်းသယ်ဆောင်မည်

အေသင် မတ် ၃၁

အိုလံပစ်မီးရှူးတိုင် တရုတ်တာဝန်ရှိသူများအား လွှဲပြောင်းပေးပွဲအခမ်းအနားကို မတ် ၃၀ ရက်က ဂရိနိုင်ငံ အေသင်မြို့ ၁၈၉၆ခုနှစ်တွင် ခေတ်သစ်အိုလံပစ်အားကစားပွဲကျင်းပခဲ့ရာ ပနာသီနိုင်ကို့စ် အားကစားကွင်းကြီး၌ ကျင်းပသည်။

ထောင်ပေါင်းများစွာသော အားကစားသမားများနှင့် ပရိသတ်များ တက်ရောက်ကြပြီး ဂရိနိုင်ငံတစ်ဝန်း သတ်မှတ် လမ်းကြောင်းများအတိုင်း လှည့်လည် ထွက်ခွာလာသည်။

ပနာသီနိုင်ကို့စ် အားကစားကွင်းကြီးမှ အိုလံပစ်မီးရှူးတိုင် စတင်သယ်ဆောင်စဉ်။

သောင်းသောင်းဖြဖြ

တရုတ်နှင့်ဂရိအလံများကိုင်ဆောင်ထားသော အားကစားသမားများက သောင်းသောင်းဖြဖြ ချီတက်လာသည်။ နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင်မင်းသမီးများက ဂရိရှေးရိုးရာ ဝတ်စုံများ ဝတ်ဆင်လျက် ခြံရံလိုက်ပါလာသည်။

ဟယ်လင်းနစ် အိုလံပစ်ကော်မတီဥက္ကဋ္ဌ မီနိုစ်ကိုင်ရီယာကုက ပေကျင်းအိုလံပစ်ကိုယ်စားလှယ် အကြီးအကဲ ရှုကျိအား မီးရှူးတိုင်ကြီးကို စတင်လွှဲပြောင်း ပေးအပ်ခဲ့သည်။

အိုလံပစ် မီးရှူးတိုင်ကို တရုတ်တာဝန်ရှိသူများအား လွှဲပြောင်းမပေးမီ မတ်၂၄ရက်မှ စတင်ပြီး အိုလံပီယာမှ စတင် သယ်ဆောင်လာကာ အေသင်မြို့၌ ငါးရက်ကြာ လှည့်လည်ခဲ့သည်။

မီးရှူးတိုင်ကြီးသည် မတ်၃၁ရက်တွင်ပေကျင်းလေဆိပ်သို့ ရောက်ရှိလာပြီး တီယာမင်ရင်ပြင်၌ ကြိုဆိုပွဲ အခမ်းအနားပြုလုပ်သည်။ ဧပြီ ၁ရက်တွင် ကာဇက်စတန်သို့ ဆက်လက်ထွက်ခွာပြီး ကမ္ဘာတစ်ဝန်း လှည့်လည်မည်ဖြစ်သည်။

နိုင်ငံပေါင်း၂၀ဖြတ်သန်း

မီးရှူးတိုင်ကြီးကို မတ်၃၁ရက်မှ စတင်ကာ သယ်ဆောင်လျက် ကမ္ဘာတစ်ဝန်း ခရီးမိုင်ပေါင်း ၈၅၀၀၀ကို လှည့်လည်သွားမည်ဖြစ်ပြီး ဩဂုတ် ၈ရက် ဖွင့်ပွဲမတိုင်မီ ပေကျင်းမြို့သို့ ရောက်ရှိမည်ဖြစ်သည်။ ၎င်းမီးရှူးတိုင်ကို နိုင်ငံပေါင်း ၂၀ ဖြတ်သန်းသယ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အင်ဒီမာရေး၏ တင်းနစ် ကစားဟန်

အီသီယိုးပီးယား အပြေးသမား ခြောက်ကြိမ်မြောက် ချိန်တင်ဗိုလ်ခွဲ

အီဒင်ဘတ် မတ် ၃၁

အီသီယိုးပီးယား အပြေးသမား ဘီကီလီသည် စကော့တလန်နိုင်ငံ အီဒင်ဘတ်မြို့၌ ကျင်းပသော နိုင်ငံဖြတ်ကျော်ပြေးပွဲ အမျိုးသားပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ဘီကီလီသည် ယင်းပြိုင်ပွဲတွင် ဆုဆွတ်ခူးနိုင်ခဲ့ခြင်းသည် နိုင်ငံဖြတ်ကျော်ပြေးပွဲတွင် ခြောက်ကြိမ်မြောက်အဖြစ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးပြိုင်ပွဲတွင် အီသီယိုးပီးယားမှ အသက် ၂၂နှစ်ရှိ ဒီဘာဘာက တတိယအကြိမ်မြောက်အဖြစ် ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းအမျိုးသမီး နိုင်ငံဖြတ်ကျော် ပြေးပွဲတွင် အီသီယိုးပီးယားမှ တူဖာက ဒုတိယရပြီး ကင်ညာအပြေးမယ် လီနက်မာဆိုင်းက တတိယဆုရရှိခဲ့သည်။ **(အင်တာနက်)**

ယူအီးအက်ဖ်အေ ယူ-၁၇ ဘောလုံးပြိုင်ပွဲ ပြင်သစ်က ရုရှားကိုအနိုင်ရပြီး ခြေစစ်ပွဲအောင်

မော်စကို မတ် ၃၁

ယူအီးအက်ဖ်အေဖလား အသက် ၁၇နှစ်အောက် ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် ရုရှားနှင့်ပြင်သစ်အသင်းတို့ ရုရှားနိုင်ငံ မော်စကိုမြို့၌ မတ် ၃၀ရက်က ယှဉ်ပြိုင်ကစားရာ ပြင်သစ်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပြင်သစ်အသင်း**(အောက်ပုံ)**သည် အုပ်စု(၈)တွင် ပါဝင်ပြီး ရုရှား၊အစ္စရေး၊ အင်္ဂလန် နှင့် တစ်အုပ်စုတည်း ကျလျက်ရှိသည်။ ရုရှားနှင့် ပြင်သစ်တို့ပွဲတွင် ပြင်သစ်အတွက် အနိုင်ဂိုးများကို ပွဲချိန် ၁၃မိနစ် နှင့် ၄၉မိနစ်တို့၌ ကာလူတာက နှစ်ဂိုး၊ ဒါမိုရာက ၈၂မိနစ်တွင် တစ်ဂိုး သွင်းယူပေးခဲ့သဖြင့် ပြင်သစ်တို့ သုံးဂိုး ရရှိခဲ့ခြင်းဖြစ်ပြီး ရုရှားအတွက် ချေပဂိုးကို ပွဲချိန်၃၉မိနစ်၌ ဇာဘိုလော့နီက တစ်ဂိုးသွင်းယူခဲ့သဖြင့် ပြင်သစ်တို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ယူ-၁၇ယူအီးအက်ဖ်အေဖလား ခြေစစ်ပွဲ အောင်မြင်သွားခြင်းဖြစ်သည်။

(အင်တာနက်)

ဆိုနီအဲရစ်ဆင်တင်းနစ်ပြိုင်ပွဲ ကမ္ဘာ့နံပါတ်တစ် ဖက်ဒဲယားအနိုင်ရ

မီယာမီ မတ် ၃၁

ဗြိတိသျှတင်းနစ် ကစားသမား အင်ဒီမာရေးသည် မီယာမီမြို့၌ ကျင်းပသော ဆိုနီအဲရစ်ဆင် အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ခရိုအေးရှားတင်းနစ် ကစားသမား မာစီယိုအင်န်ဆစ်အား ၆-၂၊ ၂-၆၊ ၇-၆ (၉-၇)ဖြင့်နိုင်ပြီး ဒုတိယအကျော့ပြိုင်ပွဲသို့ တက်ရောက်လာသည်။

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားကလည်း ပြင်သစ်ကစားသမား မွန်ဖေးလ်ကို ၆-၃၊ ၆-၄ဖြင့်နိုင်ပြီး ဒုတိယအကျော့ပြိုင်ပွဲသို့ ရောက်ရှိလာသည်။

အမျိုးသမီးပြိုင်ပွဲတွင် ပစိဖိတ်လိုက်ဖ်အိုးပင်းဖလားကို ဆွတ်ခူးနိုင်ခဲ့သည့် ကမ္ဘာ့နံပါတ်နှစ် တင်းနစ်အားကစားမယ် အီဗာနိုဗစ်က အမေရိကန် တင်းနစ်မယ် လင်ဆေးဒေဗစ်ပို့တ်ကို ၆-၄၊ ၆-၂ဖြင့်နိုင်ခဲ့သည်။

(အင်တာနက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၄-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"မရဏနုဿတိကိုယ်တိုင်ကျင့်သုံးရေး"တရားတော် (မဟာသဒ္ဓမ္မဇောတိကဓဇ မြကျောက်ဆရာတော် ဘဒ္ဒန္တ ခေမာစာရ)
၇း၄၀ - ၁း၄၀	ထိရောက်အကျိုးရှိသော စွမ်းအင်အသုံးချမှုမှသည်
၈း၀၀ - ၂း၀၀	တေးဂီတအစီအစဉ်
၈း၀၅ - ၂း၀၅	Sunday Talk
၈း၄၀ - ၂း၄၀	တေးဂီတအစီအစဉ်
၈း၄၅ - ၂း၄၅	ပတ္တမြားမြေရဲ့ အလှသက်သေ
၉း၀၀ - ၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ - ၃း၁၀	Shopping Guide (NOKIA)
၉း၃၅ - ၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀ - ၃း၄၀	လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
၉း၅၀ - ၃း၅၀	ဂမုန်းရေလှောင်တမံ
၁၀း၀၀ - ၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅ - ၄း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀ - ၄း၁၀	ရွှေညာမြေမှ လက်ဆောင်မွန်
၁၀း၂၀ - ၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅ - ၄း၂၅	Biz Net
၁၀း၄၀ - ၄း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅ - ၄း၄၅	လေ့လာမှတ်သားစရာ တိုင်းရင်းဆေးကုထုံးနည်းအဖြာဖြာ (အနာပေါက်နှင့်အပ်စိုက်ကုသနည်း)
၁၁း၀၀ - ၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀ - ၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅ - ၅း၁၅	သုခရိပ်မြုံဂေဟာမှ ပွင့်လန်းနေသောပန်းကလေးများ
၁၁း၄၀ - ၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ - ၅း၅၀	အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ "မျက်ရည်တံခါး"
၁၂း၂၅ - ၆း၂၅	Music Gallery (ဇော်ပိုင်-ရွှေရောင်နှစ်သစ်)
၁၂း၅၀ - ၆း၅၀	တိုးပွားဆောင်ရွက် နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ (မွေးမြူရေးဆေးဝါး ထုတ်လုပ်ရေးစက်ရုံ)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ English Premier League ဘောလုံးပွဲစဉ်များ

Champions League(Quarter-Final) ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	Roma - Man:Utd	ESPN(Live)
၂း၀၀	Schalke - Barcelona	Star Sports(Live)

ကျောက်တန်းကျိုက်မှော်ဝန်း ရေလယ်စေတီတော် ဗုဒ္ဓပူဇနိယပွဲနှင့် ရှင်ဥပဂုတ္တဆွမ်းသပိတ်မျှောပွဲ ကျင်းပ

ရန်ကုန် မတ် ၂၈

ကျောက်တန်းမြို့နယ် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်မြတ်ကြီး၏ (၉၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်ကြီး ဆွမ်းသပိတ်မျှော ပူဇော်ပွဲအခမ်းအနားကို မတ်၁၉ရက် နံနက်ပိုင်းက အဆိုပါ စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ကျင်းပသည်။

လောင်းလှူ

ရှေးဦးစွာ နာယကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်များနှင့် ပဋ္ဌာန်းသံဃာတော်အပါး ၃၀တို့အား ကျိုက်မှော်ဝန်းရေလယ်စေတီတော် ဘုရားဒါယကာကြီး ဦးဘထွန်း-ဒေါ်ဒေါ်သက်နှင့် ဦးကျော်သန်းအား ရည်စူး၍ မြေးဖြစ်သူ ဒေါ်ရင်မြိုင် (ယမင်းရွှေစင်ထရေးဒင်း)၊ သမီးတေးသံရှင် အိန္ဒြေမိုးနှင့် မောင်နှမများက အရဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး **(အပေါ်ပုံ)** လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် ညနေ ၃နာရီတွင် မြတ်စွာဘုရားအမှူးပြုသော သံဃာတော် ၁၅၇ ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူကြကြောင်း သိရသည်။ **(က-ပ)**

ကျေးလက် ကျောက်ချောလမ်းခင်း

နမ့်ခမ်း မတ် ၂၇

နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းသည် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးနှင့်အတူ မတ် ၂၅ရက်က ကောင်းတက်-ပတ်မာ-တာကွန့်-ပန်းဆေးလမ်းအပိုင်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက် ကြီးကြပ် ဆောင်ရွက်ရာ လမ်းတာဝန်ခံအငယ်တန်းအင်ဂျင်နီယာ (၂) ဦးစိုင်းကျော်ဟန်ထူးက ရှင်းလင်းတင်ပြသည်။

အလွယ်တကူသွားနိုင်

အဆိုပါလမ်းကို ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၄၅၉၀၀၀၀ဖြင့် ဆောင်ရွက်ခဲ့ပြီး လမ်းအရှည် ပေ ၅၂၈၀၊ အကျယ် ၁၀ပေ ရှိသည်။ လမ်းပြီးစီးပါက ကောင်းတက်-ပတ်မာ-တာကွန့်-ပန်းဆေး ကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာများမှ ပြည်သူများ နမ့်ခမ်းမြို့ပေါ်သို့ အလွယ်တကူ သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်ခဲ့သော ကုံးကော်လမ်းမကြီး ကတ္တရာလမ်းသစ်ကို မွန်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်နှင့် ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်ဝင်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု တောင်ကိုင်း (တောင်)ကျေးရွာ အောင်မင်္ဂလာတံတားဖွင့်

စဉ့်ကူး မတ် ၂၃

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စဉ့်ကူးမြို့နယ် ဆည်ကြီးကျေးရွာအုပ်စု တောင်ကိုင်း (တောင်)ကျေးရွာ ကျေးရွာချင်းဆက် အောင်မင်္ဂလာတံတား ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ရက်က အဆိုပါ ကျေးရွာ တံတားမုခ်ဦး၌ကျင်းပရာ အောင်သပြေသာ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောမလညာဏ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းမောင်လှူနှင့် အလှူရှင်ဦးမင်းမင်းတို့က အောင်မင်္ဂလာတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပြောကြား

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းမောင်လှူက အဖွင့်အမှာစကား ပြောကြားပြီး ရပ်မိရပ်ဖ ဦးလှမောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆောက်လုပ်

အဆိုပါ တံတားကြီးကို အောင်သပြေသာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောမလညာဏ ဦးစီးပြီး အလှူရှင်များနှင့် တောင်ကိုင်း (တောင်)နှင့် တောင်ကိုင်း(မြောက်) ကျေးရွာတို့မှ တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်းပြီး ငွေကျပ်သိန်း ၂၀၀ ကျော် အကုန်အကျခံကာ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့သန့်ရှင်းသာယာရေး စီမံချက်ချ ဆောင်ရွက်

မိုးညှင်း မတ် ၂၅

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြသန့်ရှင်း သာယာလှပရေးကို စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မိုးရာသီတွင် ပန်းများ ပွင့်ဖူး လှပစေရန်အတွက် မတ်၁၀ရက်က အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ဦးစီးအရာရှိ ဒေါ်ငွန်ကီးနှင့် အဖွဲ့ဝန်ထမ်းများ စက္ကူပန်းပင်များ၊ ပွင့်တူရွက်တူပင်များ ပျိုးအိတ်များ ထည့်ခြင်း၊ ပြုစုပျိုးထောင်ခြင်းများကို မတ် ၁၀ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကြီးကြပ် ဆောင်ရွက်ပေးခဲ့သည်။

(မြို့နယ်စည်ပင်)

ပန်းအလှပင်များစိုက်ပျိုး

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ဝင်ဆိုင်းဘုတ်အနီး ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာအမှုဆောင်အရာရှိ ဦးမြင့် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရေးမြို့သန့်ရှင်းသာယာရေး ကွင်းဆင်းဆောင်ရွက်

ရေး မတ် ၂၆

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်းသည် မတ် ၁၈ရက်က ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားရှိမှု၊ ယာဉ်၊ စက်ယန္တရားများအခြေအနေ၊ မြို့သာယာလှပသန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးခဲ့ပြီး အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့အား လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (မြို့နယ်စည်ပင်)

မီး အစဉ်သတိပြု

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ ဘဏ္ဍာ ရေး နှစ်တွင် တူးဖော်ဆောင်ရွက်ခဲ့သော ကမ္မကျေးရွာ စက်ရေတွင်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက်က

အဆိုပါကျေးရွာရှိ စက်ရေတွင်းသစ် မုခ်ဦးထိပ်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဆင်မြီးဆွဲ အဝင်လမ်းနှင့် မြို့တွင်းလမ်းများ မြေနီခင်း

သဲကုန်း မတ် ၂၈

သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဆင်မြီးဆွဲမြို့အဝင်လမ်းနှင့် ဈေးပတ်လမ်းအား မြေနီခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို မတ် ၁၂ ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နိုင်ငံတကာသတင်းဂျာနယ်များ မှာကြားနိုင်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတိုက်မှ အပတ်စဉ် ထုတ်ဝေနေသော နိုင်ငံတကာသတင်းဂျာနယ်များကို အောက်ပါ လိပ်စာသို့ မှာကြားအပ်နှံနိုင်ပါသည်–

ကြေးမုံသတင်းစာတိုက်၊ ဖုန်း–[illegible]၊ [illegible]

(ဆက်သွယ်သူများ နီးစပ်ရာသတင်းစာကိုယ်စားလှယ်များထံတွင် မှာယူနိုင်ပါသည်။)

အမည်ပြောင်း

အဖ ဦးကြည်ဝင်း၏သမီး ရန်ကုန်မြို့ အထက(၁) ကမာရွတ် ဒုတိယတန်း(ခ)မှ မခင်ချမ်းမြေ့သူအား မခင်မြတ်သီရိဆုဟု ပြောင်းလဲခေါ်ပါရန်။ **မခင်မြတ်သီရိဆု။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၅၀၇၇ Kenbo 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဆွေ မှတ်ပုံတင်အမှတ် MGE–၀၈၂၈၃၉က (ကမ–၃)ပျောက် မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး) သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊တိုင်းရုံး(မကွေး)။

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မြင်းခြံခရိုင်တရားရုံး
၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ်–၄၄

မန်နေဂျာ **နှင့်** ဦးချစ်ဝေကြည်
မြန်မာ့စီးပွားရေးဘဏ်
မြင်းခြံမြို့။
တရားနိုင် **တရားရှုံး**

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၁၅၁တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ ခုနှစ် မေ ၇ရက်(မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် ကဆုန်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မြင်းခြံမြို့ အမှတ်(၁၂/၁၄၄)ရပ်ကွက်၊ မြေကွက်အမှတ်(၃၃)၊ ဦးပိုင်အမှတ်(၁၅)၊ ဧရိယာ ဝဒသမဝဇ၉ဧကေရှိ မြေနှင့်ယင်းမြေကွက်ပေါ်ရှိ(၄၀x၂၁x၂၆)ပေရှိ နှစ်ထပ်ပတ်ကားတိုက်တွင် ဆင်ဝင်(၂၀x၁၀x၂၄)ပေ သံကူကွန်ကရစ်ပါဝင်လျက်(၃၈x၁၂x၉)ပေ ပတ်ကားသံကူကွန်ကရစ် ထပ်ချင်းတိုက်။

ကြမ်းခင်းဈေး ကျပ်၁၉၅သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များ အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် မတ် ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်မလေးညို (တ/၁၆၁၄)
ခရိုင်တရားသူကြီး
ခရိုင်တရားရုံး၊ မြင်းခြံမြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေ အမိန့်–၅၊ နည်းဥပဒေ–၁နှင့် ၅)
လားရှိုးခရိုင် တရားရုံးတော်၌
၂၀၀၈ ခုနှစ် တရားမကြီးအမှုအမှတ်–၄

ဒေါ်မြင့်မြင့်ကြည် **နှင့်** ၁။ စိုင်းအိုက်ကမ်
(ဒေါ်ညွန့်သိန်း၏ ၂။ ဒေါ်နန်းမြသန်း
အခွင့်ရကိုယ်စားလှယ်) နယ်မြေ(၁၉)၊
ရပ်ကွက်(၁၂)၊လားရှိုးမြို့။
တရားလို **တရားပြိုင်များ**

အထက်ပါအမှုမှ (၁)တရားပြိုင် ဦးစိုင်းအိုက်ကမ်၊ (၂)တရားပြိုင် ဒေါ်နန်းမြသန်း (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ဒေါ်မြင့်မြင့်ကြည်(ဒေါ်ညွန့်သိန်း၏အခွင့်ရကိုယ်စားလှယ်)က ဂရန်မြေလက်ရောက်ရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၈ခုနှစ် ဧပြီ ၂၅ရက် (၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော်၅ရက်) မွန်းမတည့်မီ ၁၀နာရီ အချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် မတ် ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သော်တာမင်း
ခရိုင်တရားသူကြီး
လားရှိုးမြို့။

ရန်ကုန်မြို့ ၄/က ပြည်တော်အေးလမ်း ပြည်သာယာဘောက်ထော်နေ ဦးစန်းမြင့်နှင့် ဒေါ်မြညွန့်(ဇော်ဖျော်ရည်)လုပ်ငန်းတို့၏ မိခင်ကြီး ဒေါ်ကြင်သန်း အသက်(၉၀)ပြည့် မွေးနေ့အလှူအဖြစ် မတ် ၂၁ရက်(တပေါင်းလပြည့်နေ့)က ဘောက်ထော်ပြည်တော်အေးလမ်း ပြည်သာယာဓမ္မာရုံကြီးအတွင်းရှိ မြတ်စွာဘုရားကျောင်းဆောင်သစ် ဆောက်လုပ်ရန် ငွေကျပ် ငါးသိန်းကို ဓမ္မာရုံအကျိုးဆောင်များထံ လှူဒါန်းစဉ်။ (က–ပ)

ဓမ္မသုခ သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်

မိတ္ထီလာ မတ် ၂၆

စိန်ရတနာ ပရိယတ္တိကျောင်း(မိတ္ထီလာကျောင်း)တွင် ဓမ္မသုခသုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အုတ်မြစ်စီမင်္ဂလာနှင့် အလှူငွေ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို တောင်ဥက္ကလာပမြို့နယ် အမှတ်(၂) ကျောင်းဝိုင်း အဆိုပါကျောင်း၌ မတ် ၁၉ရက်က ကျင်းပရာ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ သီလာစာရ (အဂ္ဂမဟာပဏ္ဍိတ)အမှူးပြုသော ကျောင်းဝိုင်းအတွင်း သံဃာတော်ကိုးပါးက ရတနာကြုတ်၊ ကမ္ဘည်းမော်ကွန်းကျောက်စာနှင့် ရတနာအုတ်များကို စီခင်းတော်မူကြသည်။ ယင်းကျောင်းကို ဒဂုံမြို့သစ် (မြောက်ပိုင်း) ၃၂၊ ၃၄၊ ၃၅၊ ၄၁ရပ်ကွက်များနှင့် မဟာမြိုင်တော်ဝင်အိမ်ရာများမှ နေ့စဉ်အရဏ်ဆွမ်းခံဝတ္တု အလှူငွေကျပ် သိန်း ၅၀၊ ကျောင်းဒါယကာကြီး ဗိုလ်မှူးစန်းမြင့်(ငြိမ်း)–ဒါယိကာမကြီး ဒေါ်စိန်စိန်မိသားစု မတည်အလှူငွေ ကျပ်သိန်း ၁၀၀နှင့် ကျန်အလှူရှင်မိသားစု ၁၂ဦးတို့က စုစုပေါင်း ငွေကျပ်သိန်း၃၀ဖြင့် စတင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(က–ပ)**

(၆၃)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု မိုးနဲ လွယ်လျှန်းကျေးလက်ကျောက်ချောလမ်းဖွင့်

မိုးနဲ မတ် ၂၇

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လွယ်လျှန်းကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၀ရက်က အဆိုပါမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်က လမ်းနှင့် ပတ်သက်၍ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကာ အထိမ်းအမှတ် အလံငယ်များပေးအပ်သည်။

ဖွင့်လှစ်ပေး

ထို့နောက် လွယ်လျှန်းကျေးလက်ကျောက်ချောလမ်းကို မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

လွယ်ကူချောမွေ့

အဆိုပါကျေးလက်ကျောက်ချောလမ်းမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇–၂၀၀၈ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် နှစ်ဆယ့်လေးသိန်းငါးသောင်း အကုန်အကျခံဆောင်ရွက်ခဲ့ပြီး လမ်းအကျယ် ၁၀ပေ၊ အရှည်ပေ၉၅၀ရှိကာ လွယ်လျှန်း၊ လွိုင်ယုကာ၊ လွိုင်ချို၊ ကွန်လုံကျေးရွာများမှ ပြည်သူများ လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆက်ကပ်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် မိုးညှင်းဝိပဿနာတိုက်သစ်ကြီး၏ မဟာရံတံတိုင်း ဆောက်လုပ်ပြုပြင်ရန်အတွက် စမ်းချောင်းမြို့နယ်နေ နှစ်ဖက်သော မိဘများအား အမှူးထား၍ ဦးသန်းမြင့်–ဒေါ်သီတာချိုပြုံး၊ သမီး မလှဲ့ရွှေရည်မြင့်၊ သားမောင်ထင်ကိုမြင့် မိသားစုက မဟာရံတံတိုင်း တစ်ခန်းအတွက် အလှူငွေကျပ်သုံးသိန်းကို နာယကဆရာတော် ကမ္ဘောဇာနာစရိယ မိုးညှင်းအရှင်ဣန္ဒကထံ ဆက်ကပ် လှူဒါန်းစဉ်။ (က–ပ)

ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်စိုး၊ မီးဘေးကြိုတင်ကာကွယ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့် အရန်မီးသတ်တပ်ခွဲမှူးဦးမြင့်အေးခေါင်းဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ မတ် ၂၂ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသစဉ်။ (၁၅၉)

အမျိုးသမီး အိမ်တွင်းမှု သက်မွေးပညာသင်တန်းဆင်း

ပခုက္ကူ မတ် ၂၅

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပခုက္ကူ)၏ အခြေခံအိမ်တွင်းမှု သင်တန်း အမှတ်စဉ်(၇)နှင့် အဆင့်မြင့်အိမ်တွင်းမှု သင်တန်း အမှတ်စဉ်(၄)သင်တန်းဆင်းပွဲကို မတ်၂၀ရက်က အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးတင်မောင်စိုး၊ သင်တန်းကျောင်းတာဝန်ခံ ကျောင်းအုပ်ကြီး ဒေါ်အေးအေးသောင်းတို့က အမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးလတ်က ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ဇ၇၀)**

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင် မတ်၁၄ရက်က သစ်ပင်ရှည်ကျေးရွာရှိ ကျေးလက်စက်ရေတွင်း ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုကို ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုနိုင်ငံသမ္မတ Mr. Choummaly Sayasone အား တွေ့ဆုံနှုတ်ဆက် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ ရှင်းလင်းပြောကြား

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၃၁ရက် မွန်းလွဲ ၂ နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ **Ho Kham** သမ္မတနန်းတော် ဧည့်ခန်းမသို့သွားရောက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ **Mr. Choummaly Sayasone** အား တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော် နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ **Mr. Choummaly Sayasone** နှင့်အတူ သမ္မတရုံးဝန်ကြီး **Mr. Soubanh Srithirath**၊ စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန **Mr. Sitaheng Latsaphone**၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး **Mr. Kouily A. Souphakhet** နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ **Mr. Choummaly Sayasone** အား ဗီယင်ကျန်းမြို့ရှိ **Ho Kham** သမ္မတနန်းတော် ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး တက်ရောက်ရန် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့သို့ ရောက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရကိုယ်စားလှယ် စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး **Mr. Sitaheng Latsaphone** ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပမည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာန ဝန်ကြီး ဦးစိုးသာ၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် မတ် ၂၉ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လာအိုပြည်သူ့ဒီမို ကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် **Mr. Viengloung BHUPHA** တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ＊